# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (1-9-2015) (၈၃၁၀)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥဇဘက်ကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အစ္စလမ် ကာရီမော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှက်ဗ်ကတ် မီယဇီယိုယက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၆

## ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၁၅

# ပင်းယမြို့ဟောင်းရှိ ပင်းယခေတ် ရှေးဟောင်းဂူဘုရားသုံးဆူအား ပြုပြင်ထိန်းသိမ်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပထမအဆင့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပင်းယမြို့ဟောင်းရှိ ပင်းယခေတ်ရှေးဟောင်းဂူဘုရားသုံးဆူအနက် မြောက်ဘက်အကျဆုံး ဂူဘုရားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ရန်ပုံငွေဖြင့် ရှေးမူလက်ရာမပျက် မွမ်းမံထိန်းသိမ်းပြင်ဆင်လျက်ရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါ ရှေးဟောင်းဂူဘုရားသုံးဆူအား ပြုပြင်ထိန်းသိမ်းနေမှုကို လည်းကောင်း၊ အင်းဝမြို့ဟောင်းအတွင်း အတွင်းနန်းမြို့ရိုးတူးဖော်သုတေသနပြုနေသည့် လုပ်ငန်းခွင်နှင့် နန်းမြင့်မျှော်စင်၏ကြံ့ခိုင်မှုကို လည်းကောင်း၊ မန္တလေးမြို့ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့နှင့် အတူ ကျောက်စာရုံနှင့် ကျောက်စာချပ်များ ထိန်းသိမ်းရေးဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီးနောက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱



ပင်းယမြို့ဟောင်းရှိ ပင်းယခေတ်လက်ရာ ရှေးဟောင်းဂူဘုရား။

## တောင်သမန်အင်းမှ ငှက်လှေသမားများ နိုင်ငံခြားဧည့်သည်များကို အဓိကအားထားနေရ

စာမျက်နှာ » ၃



## ငါးသိုင်းချောင်းမြို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း လေးလက်မခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**




**ကြေးမုံ စာ တ ည်း ရှု ထောင့်** — ၁-၉-၂၀၁၅၊ အင်္ဂါနေ့

# ရေ၏သဘောကို သတိပြုနားလည်

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် အနိမ့်ပိုင်းဒေသ အချို့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည်။ ရေ၏သဘောသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းတတ်သဖြင့် အနိမ့်ပိုင်းနေပြည်သူများအဖို့ မိုးသည်းထန်စွာရွာသွန်းသောအခါ သတိထားရမည့်အချက်ဖြစ်လာသည်။

တောင်များ၏ ပထဝီဝင်အနေအထားများအရ တောင်တန်းများသည် မြင့်မားမတ်စောက်သည့် သဘောရှိသည်ဟု အကြမ်းဖျဉ်းမှတ်ယူနိုင်ပါသည်။ သို့သော် အချို့နေရာများတွင် တောင်စွယ်တောင်ကြားများကြား၌ လျှောစောက်မှ ပြေလျှောလာကာ ချိုင့်ဝှမ်းလွင်ပြင်သဖွယ်ဖြစ်ပေါ်ပြီး တောင်ပေါ်ရေကန်ကြီးများ ဖြစ်လာတတ်ပါသည်။

ယင်းကို တောလိုက်မုဆိုးများမှအပ တောင်အောက်ရှိကျေးရွာများမှ ပြည်သူများအနေဖြင့် အမှုမဲ့အမှတ်မဲ့ဖြင့် မသိနိုင်ကြပါ။ မိုးတွင်းကာလ၌ တောင်အောက်တွင်သာမက တောင်ပေါ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းတတ်ပါသည်။ ထိုသို့ရွာသွန်းသောအခါ တစ်ဖက်ပိတ် တောင်ပေါ် ချိုင့်ဝှမ်းကြီးများထဲသို့ မိုးရေများစီးဝင်ပြီး တောင်ပေါ်ရေကန်ကြီးများ သဖွယ်ဖြစ်လာတတ်ပါသည်။ ထိုကန်တွင် ရေပြည့်သောအခါ မြေသားများ ပျော့ဆင်းလာပြီး ရေထုအင်အားကြီးလာသောအခါ ရေများအရှိန်အဟုန်ဖြင့် ပေါက်ထွက်ကျဆင်းလာတတ်ပါသည်။

ထိုကဲ့သို့သောအဖြစ်မျိုးကို လွန်ခဲ့သောသုံးနှစ်ခန့်က နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရှမ်းရိုးမတောင်တန်းပေါ်မှ ရေများတစ်ဟုန်ထိုး ကျဆင်းလာကာ ရေစီးကြောင်းပေါ်ရှိ တောင်အောက်ကျေးရွာ ရေတိုက်စားခံ ရပြီး ရေလမ်းကြောင်းပေါ်သို့ရောက်နေသော ကျေးရွာသူနှစ်ဦး အသက်သေဆုံး သည်အထိ ဖြစ်ပွားခဲ့ဖူးသည်ကို သတိရမိသည်။

ယခုလည်း ချင်းပြည်နယ်တောင်တန်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်၊ တောင်ကျရွှံ့ရေများကြောင့် တောင်အောက်ကျေးရွာများ ရွှံ့ညွန်အောက်သို့ ရောက်ရှိသွားသည်ကို ကြားသိလိုက်ရပါသည်။ ထို့အပြင် ကလေးမြို့နယ် ဆည်တော်ရွာအထက် ၂၃ မိုင်အကွာရှိ ဟားခါးမြို့နယ်တွင် မြေပြိုမှုကြောင့် အကျယ်ပေ ၃၀၀၀ ခန့်ရှိသော သဘာဝရေကန်ကြီးတစ်ခု ဖြစ်ပေါ်နေသည်ဟု ကြားသိရ၍ တောင်အောက်ကျေးရွာများ စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

အဆိုပါသဘာဝမြေသားရေကန်ကြီးများသည် မိုးရွာသွန်းမှုအရှိန်ကြောင့် ရုတ်တရက်ပြိုကျခဲ့လျှင် အရှိန်အဟုန်ပြင်းသည့်တောင်ကျရေများ ရေလမ်းကြောင်း ကျရာ တောင်အောက်ကျေးရွာများ ရေဘေးအန္တရာယ်ကို ပြင်းထန်စွာ ခံရနိုင်သဖြင့် ပြည်သူများစိုးရိမ်ပူပန်မှု ဖြစ်ပေါ်နေကြသည်ကို မဖြစ်ခင်က ကြိုတင်ကာကွယ် တားဆီးနိုင်ရန် လိုလားနေကြကြောင်းသိရသည်။

အဆိုပါ ရေဘေးသင့်နိုင်သောနေရာမှာ သွားလာရခက်ခဲသဖြင့် နိုင်ငံတော်၏ ကူညီမှုဖြင့်သာ ဆောင်ရွက်နိုင်ပေသည်။ ခြေကျင်ခရီးဖြင့် သွားရောက်လျှင် ခက်ခဲသဖြင့် ရဟတ်ယာဉ်ဖြင့် အမြင့်မှဝဲပျံစစ်ဆေးကာ ပြုလုပ်နိုင်သည်များကို အမြန်ဆုံးပြုလုပ်ကာ ဆောင်ရွက်ပေးသင့်သည်။ သဘာဝအကြောင်းတရားကြောင့် ရေကန်ဖြစ်ပေါ်နေသည်ဆိုပါက ရေထု အင်အားမများမီ ဘေးအန္တရာယ်မဖြစ်နိုင်သည့်နေရာသို့ ရေများကို ကြိုတင်၍ တဖြည်းဖြည်းဖောက်ထုတ်ပစ်သင့်ပါသည်။

ဖြစ်ပွားနိုင်သောနေရာများသို့ တာဝန်ရှိသူများ အချိန်မီအမြန်ဆုံးသွားရောက် သင့်ပြီး လေ့လာတွေ့ရှိချက်အခြေအနေများနှင့် ဆောင်ရွက်သွားမည့်အကြောင်း များကို ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်ခြင်းမရှိအောင် အချိန်မီ အသိပေးသင့်ပါသည်။ အသိပေးခြင်းနှင့်အတူ ကြိုတင်ရှောင်ရှားထားနိုင် အောင်လည်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ဖြစ်ပေါ်နိုင်သည့်အခြေအနေများကို ယခုကဲ့သို့ ကြားသိနေရုံမျှမက ဂြိုဟ်တုပုံရိပ်ရေဒါအချက်အလက်များက ထောက်ပြပေးနေပေသည်။ ထို့ကြောင့် မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးသောအားဖြင့် တောင်ပေါ် ရေကန်များပေါက်ထွက်ပြီး တောင်ကျရေများကျဆင်းလာခြင်းမရှိအောင် တတ်နိုင်သည့်အဖွဲ့အစည်းများက ပြည်သူများအန္တရာယ်မဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါသည်။ ။

## ဦးပိန်တံတားအမှတ်တရလက်ဆောင် ရောင်စုံချည်ထည်ထီးကလေးများနှင့် တံတားမှတ်တမ်းစာရွက်ကလေးများကို စိတ်ဝင်စား

**အမရပူရ ဩဂုတ် ၃၁**

နေရာဒေသတစ်ခုသို့ ရောက်သည်နှင့် အမှတ်တရ ပစ္စည်းကလေးများကို ဝယ်ယူလေ့ရှိသည်။ အမှတ်တရ အဖြစ်အကျိုးများမှသည် အနုပညာမြောက်လက်ရာပစ္စည်းကလေးများစွာကို ရောင်းချကြသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များစွာ ဝင်ရောက်လာခြင်းနှင့်အတူ မြန်မာ့လက်မှုအနုပညာပစ္စည်းများ ရောင်းချခွင့်ကြုံကြသည်။ အဓိကအားဖြင့်စက်ဖြင့်ပြုလုပ်သော ပစ္စည်းထက် လက်ဖြင့် ပြုလုပ်ဖန်တီးသော အနုပညာမြောက်လက်ရာများကို ဧည့်သည်များ အထူးစိတ်ဝင်စားကြသည်။



ပန်းချီ၊ ပန်းပု၊ယွန်းထည်များ၊ ရုပ်သေးများမှအစ ငွေထည်၊ ကြေးထည်များသည် မြန်မာမှုအနုပညာပစ္စည်းများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားကြသည်။ ပြည်တွင်း ဘုရားဖူးဧည့်သည်များကမူ အဝတ်အစားများမှသည် အခြား အမှတ်တရ လက်ဆောင်ပစ္စည်းကလေးများကို ဝယ်ယူကြသည်။

လက်ရှိကာလ ဦးပိန်တံတားသို့ လာရောက်သော ပြည်တွင်းဘုရားဖူးများမှာ အမရပူရမှ ယခုနှစ်တွင် ကိုယ်တိုင်ပြုလုပ် ရောင်းချသည့် ရောင်စုံထီးကလေးများကို သဘောကျလျက်ရှိသည်။ အချို့ကလိုချင်သည့် အရောင်ကို အဆောင်ယတြာ အဖြစ်ပင် မှာယူကြသည်။ ရောင်စုံချည်ထည်ထီးကလေးများပြုလုပ်ရန် ရက်ကန်းလုပ်ငန်းတွင် သုံးသည့် ယဉ်သွားအဟောင်းကလေးများကို အသုံးပြုကာ ချည်အရောင်ငါးမျိုးဖြင့် ရက်လုပ်ရသည်။ တစ်နာရီ ရက်လုပ်ပါက လေးခုမျှသာပြီးသည်။ ရောင်စုံထီး ဝယ်ယူပါက လက်ဆောင်အဖြစ်ပေးသော ဦးပိန်တံတားမှတ်စုစာရွက်လေးမှာ ကဗျာဆန်ပြီး စိတ်ဝင်စားမှုပိုမိုရှိစေသည်။ နှုတ်တစ်ရာ စာတစ်လုံးအဖြစ် သိမှတ်ကာ စာမှတ်တမ်းများပါ အိမ်ပြန်လက်ဆောင်ရသလို ဦးပိန်တံတား၏ အတိုင်းအတာကို အလွယ်တကူ သိရှိနိုင်သည်။

လက်ရှိကာလ ပြည်တွင်းဘုရားဖူးများသည် ဦးပိန်တံတားမှတ်စုစာရွက်ကလေးများနှင့် ထီးကလေးများကို ဝယ်ယူအားပေးကြသည်။ ထီးတစ်လက်ကို ငွေကျပ်ငါးရာ၊ သုံးခုတစ်ထောင်နှုန်းဖြင့် ရောင်းချပြီး ဝယ်ယူသူကို ဦးပိန်တံတား မှတ်စုစာရွက်ကလေး လက်ဆောင်ပေးသည့်အတွက် အလွယ်တကူဖတ်ရှု သိရှိနိုင်ကြောင်း သိရသည်။

**(တိမ်တမန်)**



# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၃၁**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၁၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၄-၈-၂၀၁၅ ရက်နေ့မှ ၂၈-၈-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92တစ်လီတာ ၅၆၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၃၁ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်း ကွာခြားနိုင်ပါသည်။)*

| | |
|---|---|
| ရန်ကုန်ရွှေဈေး | ၇၆၄၀၀၀ - ၇၆၄၀၀၀ |
| မန္တလေးရွှေဈေး | ၇၆၄၀၀၀ - ၇၆၄၀၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၂၉. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၉. ၂၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၅၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၄၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၂၃၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၅၀. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၆၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၈. ၆၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၁. ၆၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပ



**ရန်ကုန်  ဩဂုတ်  ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲအရာရှိ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပရန် (၆၈) ရက်သာလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုမှာ စုစုပေါင်း ၆၁၈၉ ဦး တင်သွင်းခဲ့ပြီး မှတ်ပုံတင်ထားသည့် ပါတီအားလုံးက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းကို သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်လျက်ရှိကြောင်း၊ စိစစ်ပြီးပါက အတည်ပြုလွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း။

မဲစာရင်းကြေညာခြင်းကို စက်တင်ဘာလလယ်ခန့်တွင် ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း၊ ဩဂုတ်လကုန်တွင် ကပ်ထားကြေညာရန် စီစဉ်ထားသော်လည်း ရေဘေးဒုက္ခကြုံတွေ့နေရသည့် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကြည့်ရှုရန် အခက်အခဲရှိနိုင်၍ အဆင်ပြေနိုင်မည့်ကာလကို ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း၊ မဲစာရင်းကို (၁၄)ရက် ကပ်ထားကြေညာမည်ဖြစ်ကြောင်း၊ ရက်ပေါင်း (၁၈၀) ကျော်လွန်နေထိုင်သူများအနေဖြင့် ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ကြောင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လျှောက်ထားလျက်ရှိကြောင်း၊ လျှောက်ထားသည့်အဖွဲ့အစည်းများကို စိစစ်ခွင့်ပြုပြီး အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံဝန်ထမ်းများကို သင်တန်းပို့ချနိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဗဟိုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် နည်းပြများကို သင်တန်းပေးသွားမည်ဖြစ်ပြီး မြို့နယ်နှင့် မဲရုံမှူးများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံဝန်ထမ်းများကို ဆင့်ပွားသင်တန်းပို့ချသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် သင်တန်းပို့ချမှုများကို လေ့လာကြည့်ရှုနိုင်ကြောင်း။

ရေဘေးသင့်ဒေသမှ မဲဆန္ဒရှင်များအနေဖြင့် မှတ်ပုံတင်ကတ်များ၊ အခြားသက်သေခံကတ်များ၊ အိမ်ထောင်စုစာရင်းများ ပျက်စီးပျောက်ဆုံးမှုရှိသောကြောင့် အလွယ်တကူ မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ထုတ်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးသင့်ဒေသများသာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်သက်သေခံလက်မှတ်ကို မဲဆန္ဒရှင်စာရင်းနှင့် တိုက်ဆိုင်စိစစ်ပြီး ထုတ်ပေးမည်ဖြစ်ကြောင်း၊ သက်သေခံလက်မှတ်အပေါ် မသမာမှုပြုရန် မဖြစ်နိုင်ကြောင်း၊ မဲပေးမည့်နေ့ မဲလက်မှတ်ထုတ်သည့်အခါ မဲစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ပြီး မသမာမှုဖြစ်နိုင်သည်ဟု သံသယရှိက မဲရုံမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များဖြင့် ထပ်မံစိစစ်မည်ဖြစ်ကြောင်း၊ မသမာမှုပြုလုပ်ခြင်းမှန်ကန်လျှင် လုံခြုံရေးအဖွဲ့က အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သက်သေခံလက်မှတ်ထုတ်ပေးသည့် ရည်ရွယ်ချက်သုံးချက်ရှိကြောင်း၊ ပထမအချက်မှာ သက်သေခံလက်မှတ်တွင် မဲစာရင်းအမှတ်ပါရှိသည့်အတွက် မဲစာရင်းတွင် အမည်ရှာဖွေသည့်အခါ လျင်မြန်လွယ်ကူပြီး အချိန်ကုန်သက်သာစေရန်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မှတ်ပုံတင်နှင့် အခြားသက်သေခံကတ်ပြားများ ပျောက်ဆုံးသည့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးနိုင်ရန်ဖြစ်ကြောင်း၊ တတိယအချက်မှာ သက်သေခံလက်မှတ်တွင် အမည်၊ မှတ်ပုံတင်၊ မွေးသက္ကရာဇ်နှင့်နေရပ်လိပ်စာများပါရှိသဖြင့် ယင်းအချက်များ မှားနေပါက မဲဆန္ဒရှင်က ပြင်ဆင်ပေးခြင်းအားဖြင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သည့်မဲစာရင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်များသိရှိအောင် အသိပေးဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် IFES မှ တာဝန်ရှိသူတစ်ဦးက မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်တွင် အသုံးပြုမည့် ပညာပေးပစ္စည်း၊ ဗီဒီယို၊ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက မဲဆန္ဒရှင်သက်သေခံလက်မှတ်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆောင်ရွက်မှု အချိန်ဇယား၊ နောက်ဆုံးအတည်ပြုထုတ်ပြန်ထားသည့် အထွေထွေသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်လက်စွဲစာစောင်၊ မဲရုံလုပ်ငန်းစဉ် သရုပ်ပြဗီဒီယိုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းချက်များအပေါ် တက်ရောက်လာသော လူမှုအဖွဲ့အစည်းများက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပနိုင်ရေးအတွက် လူမှုအဖွဲ့အစည်းများ၏စွမ်းအားမှာ မဖြစ်မနေလိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် အတန်းတင်စာမေးပွဲများ ကျင်းပမည်

၂၀၁၅ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်-

**(က) ပထမအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | သိပ္ပံအထူးပြုအားလုံး | | ၅-၁၀-၂၀၁၅ မှ ၁၀-၁၀-၂၀၁၅ ထိ |

**(ခ) ဒုတိယအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ | ၁၃-၁၀-၂၀၁၅ မှ ၂၂-၁၀-၂၀၁၅ ထိ | ၂၆-၁၀-၂၀၁၅မှ ၂-၁၁-၂၀၁၅ ထိ |

**(ဂ) တတိယအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ | ၉-၁၁-၂၀၁၅ မှ ၁၈-၁၁-၂၀၁၅ ထိ | ၂၁-၁၁-၂၀၁၅မှ ၃၀-၁၁-၂၀၁၅ ထိ |

အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## တောင်သမန်အင်းမှ ငှက်လှေသမားများ နိုင်ငံခြားဧည့်သည်များကို အဓိကအားထားနေရ

**အမရပူရ  ဩဂုတ်  ၃၁**

မန္တလေးမြို့သို့ ရောက်သည်နှင့် တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ အရောက်လှမ်းလေ့ရှိကြသည်။ တောင်သမန်အင်းကို ဖြတ်ကျော်တိုက်ခတ်လာသော လေနုအေးကလေးများကို ရှူရှိုက်ကာ ရေပြင်ကျယ်ကို ကြည့်ရခြင်းကိုက မွမ်းကျပ်မှုများစွာကို ပြေပျောက်သွားစေတတ်သည်။ လေကလေးတဖြူးဖြူးနှင့်အတူ တောင်သမန်အင်းအတွင်းမှ လှိုင်းကြက်ခွပ်များသည်ပင် သဘာဝအလှတရားဖြစ်နေသည်။ လှိုင်းအပုတ် ငှက်လှေကလေးက အလှုပ်နှင့် တငြိမ့်ငြိမ့်စီးရင်း ဦးပိန်တံတား အလှရှုခင်းကို ကြည့်ရသည့်အရသာသည် တောင်သမန်အင်းမှ ပေးစွမ်းသော စွဲမက်ဖွယ်အလှများပင်ဖြစ်သည်။

တောင်သမန်အင်းရောက်သည်နှင့် မည်စည်ပင်တန်းတွင်ထိုင်ပြီး တိုက်ခတ်လာသော တောင်သမန်လေညင်းကို ရှူရှိုက်ကာ အနားယူခြင်း၊ ငှက်လှေစီးကာ တောင်သမန်အလှကို ခံစားခြင်း၊ နေဝင်ဆည်းဆာအလှကို ခံစားခြင်း၊ သမိုင်းဝင်သစ်သားတံတားပေါ် လမ်းလျှောက်ကာ လေနုအေးကလေးများကို ရှူရှိုက်လိုက်ရမှ တောင်သမန်အလှနှင့် ရသပြည့်စုံသည်ဟု ဆိုကြသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားဘေးတွင် မြန်မာ့ရိုးရာအဝတ်အထည်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များစွာဖြင့် စည်ကားလျက်ရှိသည်။ သမိုင်းဝင်သစ်သားတံတားနှင့်အတူ တောင်သမန်ရသကို အပြည့်အဝ ပေးစွမ်းနေသူများထဲတွင် ငှက်လှေသမားများ ပါဝင်သည်။ ငှက်လှေတစ်စင်းလျှင် လူ ၁၅ ဦးခန့် ဆံ့သော်လည်း အနည်းဆုံးငါးဦး နိုင်ငံခြားသားခရီးသွားဧည့်သည်များကိုမူနှစ်ဦးနှုန်းတင်ဆောင်လှော်ခတ်ကြသည်။ လက်ရှိကာလ တောင်ပြုံးပွဲတော်ရာသီတွင် တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူများသော်လည်း ပြည်တွင်းငှက်လှေစီးသူနည်းပါးလျက်ရှိသည်။

တောင်သမန်အင်းတွင် ငှက်လှေအစင်း ၅၀ခန့်ရှိပြီး ပြည်တွင်းဧည့်သည်များကိုမူ တစ်ခေါက်လျှင် ငွေကျပ်ငါးထောင်ယူပြီး နိုင်ငံခြားခရီးသွားဧည့်သည်များကိုမူ ငွေကျပ်တစ်သောင်းယူလေ့ရှိသည်။ လက်ရှိကာလတွင် တောင်သမန်အင်းမှ ငှက်လှေသမားများသည် ပြည်တွင်းငှက်လှေစီးသည့် ဧည့်သည်များထက် နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို အားထားနေရကြောင်း တောင်သမန်အင်းမှ ငှက်လှေလှော်ခတ်သူတစ်ဦးက ပြောသည်။ **(တိမ်တမန်)**

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော်  ဩဂုတ်  ၃၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

# အီဂျစ်ပါလီမန်ရွေးကောက်ပွဲ အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပမည်

ကိုင်ရို ဩဂုတ် ၃၁

အီဂျစ်နိုင်ငံ၌ ကာလရှည်မျှော်လင့်စောင့်စားခဲ့ရသော ပါလီမန်ရွေးကောက်ပွဲကို အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မတီက ဩဂုတ် ၃၀ ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။

အီဂျစ်နိုင်ငံ၏ ပြည်နယ် ၂၇ ခု အကျုံးဝင်မည့် ရွေးကောက်ပွဲကို အဆင့်နှစ်ဆင့်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်အရ ပြည်နယ် ၁၄ ခု အကျုံးဝင်ပြီး အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ရွေးကောက်ပွဲ၏ ဒုတိယအဆင့်အရ ပြည်နယ် ၁၃ ခု အကျုံးဝင်ပြီး နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မတီ အကြီးအကဲ တရားသူကြီး အီမန်အာဘတ်စ်က ပြောကြားသည်။

အီဂျစ်နိုင်ငံမှ ပြင်ပနိုင်ငံများသို့ ရောက်ရှိနေသော နိုင်ငံသားများအနေဖြင့် ရွေးကောက်ပွဲအဆင့်တစ်ဆင့်စီ ကျင်းပသည့် နေ့ရက်မတိုင်မီ တစ်ရက်အလိုတွင် မဲပေးခွင့်ရရှိမည်ဖြစ်သည်။

စက်တင်ဘာလမှစ၍ ပါလီမန်အမတ်လောင်းများ၏ အမည်စာရင်းတင်သွင်းမှုကို စတင်လက်ခံမည်ဖြစ်ပြီး အမည်စာရင်းတင်သွင်းနိုင်သည့်ကာလမှာ ၁၂ ရက်ဖြစ်ကြောင်း အာဘတ်စ်က ပြောကြားသည်။

အီဂျစ်နိုင်ငံ၌ ပါလီမန်သက်ဝင်လှုပ်ရှားမှုမရှိသည့်ကာလမှာ သုံးနှစ်ခန့်မျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ၂၀၁၁ ခုနှစ်နှောင်းပိုင်းတွင် နောက်ဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲပြုလုပ်ခဲ့သည်။ အီဂျစ်နိုင်ငံကို ကာလရှည်ကြာစွာအုပ်စိုးလာခဲ့သည့် ဟော်စနီမူဘာရက်ဖြုတ်ချခံခဲ့ရပြီးနောက် လပိုင်းအကြာတွင် ယင်းရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ် ဇွန်လတွင် တရားရုံးအမိန့်ဖြင့် ပါလီမန်ကို ဖျက်သိမ်းခဲ့သည်။

ကြည်းတပ်အကြီးအကဲဟောင်း သမ္မတ စီစီသည် ပါလီမန်ဖျက်သိမ်းထားချိန်တွင် နိုင်ငံတော်၏ ဥပဒေပြုရေးအခွင့်အာဏာကို လောလောဆယ်ရယူထားသည်။ **ဆင်ဟွာ။**

# အွန်လိုင်းစာမျက်နှာများပေါ်တွင် ကောလာဟလသတင်းများဖြန့်ခဲ့သူ ၁၉၇ ဦးအား တရုတ်အာဏာပိုင်များ ဖမ်းဆီး

ပေကျင်း ဩဂုတ် ၃၁

တရုတ်နိုင်ငံအတွင်း ပြည်သူများ အထိတ်တလန့်ဖြစ်အောင် အွန်လိုင်းမှ မဟုတ်မမှန် ကောလာဟလသတင်းများ ဖြန့်ဝေခဲ့သူ လူပေါင်း ၁၉၇ ဦးအား တရုတ်လုံခြုံရေးအာဏာပိုင်များက ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ရှန်ဟိုင်းစျေးကွက်မတည်မငြိမ်ဖြစ်ခြင်း၊ ထျင်ကျင်းဆိပ်ကမ်းပေါက်ကွဲမှု၏ အသေအပျောက်နှုန်းများ၊ စစ်ရေးပြအခမ်းအနားတစ်ခုကျင်းပခြင်းစသည့် မဟုတ်မမှန်ကောလာဟလသတင်းများကို အွန်လိုင်းတွင်ဖြန့်ခဲ့သည့် လူမှုကွန်ရက်အသုံးပြုသူများကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက လိုက်လံစုံစမ်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် လူမှုကွန်ရက်အသုံးပြုသူ ၁၉၇ ဦးကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး အွန်လိုင်းအကောင့် ၁၆၅ ခုကို ပိတ်သိမ်းနိုင်ခဲ့သည်။

ရှန်ဟိုင်းစတော့ရှယ်ယာစျေးကွက် ကျဆင်းခဲ့သည့်အတွက် ရှယ်ယာရှင်တစ်ဦး မိမိကိုယ်ကိုယ် သတ်သေသွားကြောင်းနှင့် အစိုးရအဆင့်မြင့်အကြီးအကဲတစ်ဦး၏ ဆွေမျိုးတစ်ဦးက သူ၏ရှယ်ယာများကို ဟောင်ကောင်တွင် ထုတ်ရောင်းခဲ့သည်ဆိုသည့် မဟုတ်မမှန်သတင်းများမှာ အွန်လိုင်းစာမျက်နှာများပေါ်တွင် ဖြန့်ခဲ့သည့် ကောလာဟလ သတင်းများပင်ဖြစ်သည်။



နောက်ထပ်ကောလာဟလသတင်းအဖြစ် ထျင်ကျင်းဆိပ်ကမ်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အမှန်တကယ်သေဆုံးသူအရေအတွက်မှာ ၁၃၀၀ ကျော်သေဆုံးခဲ့ကြောင်း အွန်လိုင်းစာမျက်နှာများပေါ်တွင် မဟုတ်မမှန် သတင်းများ ထွက်ပေါ်လာခဲ့သည်။

အဆိုပါအွန်လိုင်းစာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ထွက်ပေါ်လာခဲ့ခြင်းသည် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေပြီး လူထုအုံကြွမှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဆိုသည်။

တရုတ်အာဏာပိုင်များ၏ သတင်းထုတ်ပြန်ရာတွင် အားနည်းချက်များရှိခြင်းနှင့် နိုင်ငံအတွင်း မီဒီယာလွတ်လပ်ခွင့်ကို ကန့်သတ်ထားခြင်းတို့သည် အွန်လိုင်းကောလာဟလ သတင်းများဖြန့်ခြင်းကို ဖြစ်ပေါ်စေသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။ သို့သော် သမ္မတ ရှီကျင့်ဖျင်အစိုးရက သတင်းလွတ်လပ်ခွင့်ကို စွဲမြဲစွာ ချုပ်ကိုင်ထားဆဲပင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ဆော်ဒီအာရေဗျတွင် အလုပ်သမားအိမ်ရာမီးလောင်မှုဖြစ်ပွား လူ ၁၀ ဦးသေဆုံးပြီး ၂၅၉ ဦးဒဏ်ရာရ

ခိုဘာ (ဆော်ဒီအာရေဗျ) ဩဂုတ် ၃၁

ဆော်ဒီအာရေဗျနိုင်ငံရှိ ရေနံထုတ်လုပ်ရေးစခန်းမြို့ ခိုဘာတွင် ဩဂုတ် ၃၀ ရက် အစောပိုင်းက အလုပ်သမားများနေထိုင်ရာ အိမ်ရာတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း မြို့ပြရေးရာလုံခြုံရေးအေဂျင်စီက ပြောကြားသည်။



ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာဒေသနှင့် မဝေးသော ခိုဘာမြို့ရှိ ဆော်ဒီအမျိုးသားရေနံကုမ္ပဏီ ဆော်ဒီအာရမ်ကို၏ အလုပ်သမားများနေထိုင်ရာ အိမ်ရာတွင် ဩဂုတ် ၃၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ မည်သည့်နိုင်ငံသားဟူ၍ အတည်ပြုခြင်းမရှိသော လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။

ဆော်ဒီအာရေဗျ မြို့ပြလုံခြုံရေးအေဂျင်စီက ယင်းအဖြစ်အပျက်နောက်ပိုင်းတွင် ထုတ်ပြန်ချက်အရ သေဆုံးသူများထဲတွင် အာရှနွယ်ဖွား ကနေဒါနိုင်ငံသား သုံးဦး၊ ပါကစ္စတန်လူမျိုး တစ်ဦးနှင့် နိုင်ဂျီးရီးယားအမျိုးသမီး တစ်ဦးတို့ ပါဝင်သည်ဟု သိရသည်။

ဆော်ဒီအမျိုးသားလုံခြုံရေးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်၌ ထိခိုက်ဒဏ်ရာရသူပေါင်း ၂၅၉ ဦးရှိသည်ဟု ဖော်ပြသည်။ ၁၇၉ ဦးမှာ ဆေးကုသမှုများခံယူအပြီး ဆေးရုံမှ ဆင်းသွားပြီဖြစ်ပြီး လူ ၈၀ မှာ ဆေးရုံ၌ ကုသမှုခံယူနေရဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# မြောက်ကိုရီးယားနယ်စပ်သို့ ဆက်သွယ်မည့် အမြန်ရထားလမ်းသစ် တရုတ်နိုင်ငံဖွင့်လှစ်မည်

ပေကျင်း ဩဂုတ် ၃၁

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနယ်စပ်ဒေသသို့ ကူးသန်းသွားလာနိုင်မည့် အမြန်ရထားလမ်းသစ်တစ်လမ်းကို စက်တင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုများ ရှိနေလင့်ကစား နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုကို မြှင့်တင်လျက်ရှိနေချိန်တွင် အမြန်ရထားလမ်းဖွင့်လှစ်ရန် စီစဉ်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနယ်စပ်ဒေသသို့ ဦးတည်သော အမြန်ရထားလမ်းကို ၂၀၁၀ ပြည့်နှစ်ကတည်းက ဆောက်လုပ်ခဲ့သည်။ ရှန်ယန်းမြို့မှ နယ်စပ်ဒေသရှိ မြို့ကြီးဖြစ်သော တန်တောင်မြို့သို့ ဆက်သွယ်မည့် ရထားလမ်းမှာ ၂၀၇ ကီလိုမီတာ (၁၂၇ မိုင်) ရှည်လျားသည်။ ယာလူမြစ်တစ်ဖက်တစ်ချက်ရှိ တန်တောင်မြို့သည် မြောက်ကိုရီးယားနိုင်ငံကို မျက်နှာမူလျက်ရှိသည်။ အမြန်ရထားလမ်းသစ်ကို အသုံးပြုမည်ဆိုပါက ယင်းမြို့နှစ်မြို့အကြား ရထားခုတ်မောင်းချိန် သုံးနာရီခွဲ ကြာမြင့်ခဲ့ရာမှ တစ်နာရီမျှသာ ကြာမြင့်တော့မည်ဖြစ်သည်။

ရထားလမ်းသစ်ဖောက်လုပ်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးယှဉ်ပြိုင်မှုကို မြင့်မားစေမည်ဖြစ်ကြောင်း တရုတ်ရထားလုပ်ငန်းမှ အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်နှင့် မြောက်ကိုရီးယားအကြား ကုန်သွယ်မှုပမာဏ၏ ၈၀ ရာခိုင်နှုန်းအထိမှာ တန်တောင်မြို့ကို ဖြတ်သန်းကာ ပြုလုပ်ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# ထိုင်းရဲတပ်ဖွဲ့က သံသယတရားခံများအား ဆက်လက်ရှာဖွေ

ဘန်ကောက် ဩဂုတ် ၃၁

ထိုင်းရဲတပ်ဖွဲ့သည် သံသယတရားခံများ နေထိုင်ခဲ့သော တိုက်ခန်းသို့ ဝင်ရောက်စီးနင်းပြီးနောက် တနင်္လာနေ့တွင် တရားခံများအား ဖမ်းဝရမ်းထုတ်ခဲ့သည်။ မင်ဘူရီခရိုင်ရှိ အဆိုပါတရားခံနှစ်ဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာတွင် ဓာတ်မြေဩဇာများ၊ ဒစ်ဂျစ်တယ်နာရီများနှင့် ဖောက်ခွဲရေးကိရိယာများကို တွေ့ရှိခဲ့သည်။

အမျိုးသားတရားခံ၏ပုံပန်းမှာ ဆံပင်စည်းထားပြီး နှုတ်ခမ်းမွေးရှိကြောင်း၊ အမျိုးသမီးတရားခံမှာ မူဆလင်အမျိုးသမီးများဝတ်ဆင်သော ဝတ်စုံကို ဝတ်ဆင်ထားကြောင်း၊ သူငှားရမ်းနေထိုင်သော အိမ်ပိုင်ရှင်ကိုလည်း ဖမ်းဝရမ်းထုတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရသူ ပရာရွတ်သာဗွန်ဆရီက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက မူဆလင်အမျိုးသမီး၏ နေအိမ်သို့ သွားရောက်စစ်ဆေးရာတွင် တူရကီတွင် သူ၏ရည်းစား၊ ကလေးတို့နှင့်အတူ နေထိုင်သည်ကို သိရှိခဲ့ရကြောင်း ပြည်နယ်ဒုတိယရဲမှူးချုပ် တာရာချာသွန်ပက်က ရိုက်တာသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် စနေနေ့က နန်ချော့ခရိုင်ရှိ အဆောက်အအုံဟောင်းတစ်ခုအား ဝင်ရောက်စီးနင်းရာတွင် နိုင်ငံခြားသားတစ်ဦးအား ဖောက်ခွဲရေးကိရိယာမျိုးစုံ၊ ပတ်စ်ပို့ ၂၀၀ ကျော်နှင့်အတူ ဖမ်းဆီးရမိသည်။



ဘန်ကောက်မြို့လယ်ရှိ ဟိန္ဒူနတ်ကွန်းအား ဩဂုတ် ၁၇ ရက်က ဗုံးခွဲတိုက်ခိုက်သဖြင့် လူ ၂၀ သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရခဲ့သည်။ **ရိုက်တာ။**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအစည်းအဝေးသို့ တက်ရောက်အားပေး

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ယနေ့နံနက် ၁၀ နာရီက လွှတ်တော်ရေးရာဆောင် အမှတ်(အိုင်-၂)တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအစည်းအဝေးသို့ လာရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပြောကြားရာတွင် ယခုလို ပိတ်ရက်များတွင် ကျင်းပရခြင်းအပေါ် အသိအမှတ်ပြုပါကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် အစည်းအဝေးများ ဆက်တိုက်ကျင်းပမည်ဟု သိရှိရကြောင်း၊ တက်ရောက်လာကြသူများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ သို့အတွက် ယခုလို လာရောက်အားပေးရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကတစ်ဆင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက တင်သွင်းလာသော "ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဥပဒေကြမ်း"ကို ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးအေးဖေ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**✱ ရှေ့ဖုံးမှ**

ဂေါပကအဖွဲ့၏ တင်ပြချက်များကို ဒုတိယဝန်ကြီးက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဌာနတာဝန်ရှိသူများက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

မဟာလောကမာရဇိန် ကုသိုလ်တော် ကျောက်စာချပ်များကို ကမ္ဘာ့အထင်ကရမှတ်တမ်းစာရင်းဝင်အဖြစ် ယူနက်စကိုက ၂၀၁၃ ခုနှစ်တွင် အတည်ပြု သတ်မှတ်ပေးခဲ့ပြီးနောက် ယခုအခါ ကျောက်စာချပ်များကို ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ အထောက်အပံ့၊ Australia Sydney University မှ ပညာရှင်များ၏ အကူအညီဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများက ကျောက်စာချပ်နှင့် ကျောက်စာရုံများ သန့်စင်ထိန်းသိမ်းရေးလုပ်ငန်း၊ ကျောက်စာချပ်များကို ဓာတ်ပုံမှတ်တမ်း ပြုစုရေးလုပ်ငန်းနှင့် ပါဠိဘာသာမှ Roman Letter သို့ ဘာသာပြန်ဆိုဖြန့်ဝေရေးလုပ်ငန်းတို့ကို သုံးနှစ်စီမံကိန်းအဖြစ် ၂၀၁၄ ခုနှစ်မှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်ပြီး ရွှေနန်းတော်ကျောင်းထိန်းသိမ်းရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ Program Director Mr. Jaff Allen၊ အဆောက်အအုံထိန်းသိမ်းရေးပညာရှင် Mr. Ruddy နှင့် သစ်သားထိန်းသိမ်းရေးပညာရှင် Mr. Yamashita တို့က ရှင်းလင်းပြသပြီး ပညာရှင်များ၏ အကြံပြုချက်များ၊ လိုအပ်ချက်များကို ဌာနတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဒုတိယဝန်ကြီးက မှာကြားသည်။

ရွှေနန်းတော်ကျောင်းကို အမေရိကန်နိုင်ငံသံအမတ်ကြီးများ ရန်ပုံငွေဖြင့် World Monument Fund မှ ပညာရှင်အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး ရွှေနန်းတော်ကျောင်း၏ လက်ရှိဖြစ်ပေါ်နေသော ပျက်စီးယိုယွင်းမှုအခြေအနေများကို အသေးစိတ်လေ့လာဆန်းစစ်၍ ရှေးမူလက်ရာမပျက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○○○

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဥဇဘက်ကစ္စတန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကမီလော့ဗ် အဗ္ဗဒူလာဇစ် ခါဖစ် ဇိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

**○ဖောင်တော်ဦးမှ**

အကြီးတန်းငါးသင်း၊ အလတ်တန်းငါးသင်း၊ အငယ်တန်းငါးသင်း စုစုပေါင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမယ်လို့ မှန်းထားပါတယ်" ဟု ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကပြောသည်။

မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင်ပြန်လည်ကျင်းပရန်စီစဉ်ခြင်းဖြစ်ပြီး တော်သလင်းလဆန်း ၈ ရက်နေ့မှ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့အထိ(စက်တင်ဘာလ ၂၁ ရက်မှ ၃၀ ရက်အထိ) ဘုရားအနေကဇာတင်မင်္ဂလာ၊ ဆွမ်းသပိတ်လောင်းလှူပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲများဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဆိုင်ခန်းကြီး၊ ဆိုင်ခန်းငယ် ၆၀၀ ကျော်ဖြင့် ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဓာတ် ပုံ မြင် ကွင်း




ရန်ကုန်မြို့၌ ပြေးဆွဲပေးလျက်ရှိသော မြို့ပတ်ရထားများတွင် အချို့သောဘူတာများ၌ မြေပြင်နှင့်တွဲအမြင့်ကြောင့် အမျိုးသမီးရထားစီးခရီးသည်များအနေဖြင့် အဆင်မပြေမှုကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-ဇေယျာဝင်း)

## ကိုယ်အင်္ဂါမသန်စွမ်းသူများ သင်တန်းလျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်ရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် စက်ချုပ်၊ ပိုးဇာပုံနှိပ်၊ ဓာတ်ပုံ၊ ဆံသနှင့် ကွန်ပျူတာသင်တန်းများကို စက်တင်ဘာ ၁၄ ရက်မှ စတင်ကာ သုံးလ သင်တန်းအဖြစ် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၀၀၃၅၆၀ နှင့် ၀၉-၅၀၃၄၆၉၁ တို့သို့ စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့် ရသူများသည် အဆောင်နေ စားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်ထုတ်ပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

## အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ရေးဆွဲချုပ်ဆိုကြရန် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**ကြေညာချက်အမှတ်၊ ၁ /၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ရေးဆွဲချုပ်ဆိုကြရန် အသိပေးကြေညာခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ့တွင် ပြဋ္ဌာန်းထုတ်ပြန်ထားသည့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း ၃ ပုဒ်မ ၅ က(၁)အရ အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကိုလုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုပေးရမည်ဖြစ်ပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၅ ဖြင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါ၍ သတ်မှတ်ပေးထားသော အတည်ပြုအနည်းဆုံး အခကြေးငွေနှုန်းထားနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန လုပ်ငန်းပိုင်ရှင်များသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို မိမိတို့ခန့်ထားပြီးဖြစ်သော အလုပ်သမားများနှင့်သော်လည်းကောင်း၊ မိမိတို့ထပ်မံခန့်ထားမည့် အလုပ်သမားများနှင့်သော်လည်းကောင်း ညှိနှိုင်းချုပ်ဆိုကြရမည်ဖြစ်ပါသည်။

၃။ ထို့အပြင် လုပ်ငန်းပိုင်ရှင်များအနေဖြင့် မိမိတို့ခန့်ထားပြီးသော အလုပ်သမားများအား လစာထုတ်ပေးရာတွင်လည်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အတူ ပူးတွဲဖော်ပြထားသည့် လစာထုတ်ပေးမှုမှတ်တမ်းစာအုပ်ပုံစံဖြင့် လစာထုတ်ပေးကြရမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှတစ်ဆင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ဖြန့်ဝေပေးပြီးဖြစ်သည့် ယခုသတ်မှတ်ပေးထားသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံနှင့် လစာထုတ်ပေးမှုမှတ်တမ်းစာအုပ်ပုံစံတို့ကို အသုံးပြုပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစ၍ အလုပ်ရှင်နှင့်အလုပ်သမားများသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်းနှင့် လစာထုတ်ပေးခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အနည်းဆုံးအခကြေးငွေသတ်မှတ်ချက်နှင့် သက်ဆိုင်မှုမရှိသည့် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိသော လုပ်ငန်းငယ်များနှင့် မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများသည်လည်း အလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီထားသည့် လုပ်ခလစာနှုန်းထားဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်ကို ချုပ်ဆိုရန်လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျောက်ချောလမ်းခင်း

**မင်းဘူး ဩဂုတ် ၃၁**

မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် Iwin New Generation မှ တန်ဖိုးငွေကျပ် ၅၃ ဒသမ ၇၅၁ သန်းဖြင့် တာဝန်ယူဆောင်ရွက်သော မင်းဘူး-မင်းလှလမ်းမှ ရွာသာယာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း တစ်မိုင်အား မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းနှင့် ဝန်ထမ်းများက ဩဂုတ် ၂၆ ရက်နံနက် ၉နာရီက ကွင်းဆင်း စစ်ဆေးခဲ့ရာ သတ်မှတ်ကာလအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့ကို တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

အဆိုပါ ကျောက်ချောလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးလက်နေပြည်သူများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်စီးဆင်းမှုများ ပိုမိုအဆင်ပြေသွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**●ကျောဖုံးမှ**

မြန်မာနိုင်ငံတွင် Miss Myanmar International 2015 ပြိုင်ပွဲကို ၂၀၁၂ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ နန်းခင်ဇေယျာ၊ ၂၀၁၃ ခုနှစ်တွင် ဂုဏ်ရည်အေးကျော်၊ ၂၀၁၄ ခုနှစ်တွင် ခင်ဝေဖြိုးဟန်တို့က ရရှိခဲ့သည်။ လာမည့် နိုဝင်ဘာတွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့်(၅၅)ကြိမ်မြောက် Miss International Beauty Pageant 2015 ပြိုင်ပွဲကြီးသို့လည်း မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြုအလှမယ်အဖြစ် အမရာငြိမ်းက ထပ်မံသွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

# တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၄။)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးနှင့် လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော နိုင်ငံသားနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်စဉ် နိုင်ငံသားနှင့် ထိမ်းမြားသော နိုင်ငံခြားသားနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။

(ခ) **မြန်မာနိုင်ငံတွင်နေထိုင်သူ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေနေထိုင်သူကို ဆိုသည်။

(ဂ) **ယောက်ျား**ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောက်ျားကို ဆိုသည်။

(ဃ) **မိန်းမ**ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေနှင့်အညီ ထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

(ခ) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ တရားမဝင်မယားအဖြစ် ရောက်ရှိခြင်းမှ ကာကွယ်ရန်၊

(ဂ) အိမ်ထောင်ဖက် တစ်ဦးထက်ပို၍ ယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေး ပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်၊

(ဃ) အမျိုးသား၊ အမျိုးသမီးများ၏ ကိုယ်ကျင့်တရား ပိုမိုထိန်းသိမ်းနိုင်ကြစေရန်။

**အခန်း (၃)**
**တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်း**

၅။ မည်သည့်ယောက်ျားနှင့်မိန်းမ မဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်း ပြုနိုင်သည်။

၆။ ဤဥပဒေအာဏာတည်ပြီးနောက် ယောက်ျားနှင့် မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းသာလျှင် တရားဝင်အတည်ဖြစ်သည်။

၇။ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောက်ျားတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေနှင့်ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၉။ ဗုဒ္ဓဘာသာဝင် မဟုတ်သူအချင်းချင်း ယင်းတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

**အခန်း (၄)**
**တားမြစ်ချက်များ**

၁၀။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့်မယားတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောက်ျား သို့မဟုတ် မိန်းမသည် အဆိုပါထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်း မပြုရ။

၁၁။ ယောက်ျား သို့မဟုတ် မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ခိုင်မာသည့် အထောက်အထားတင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့်ထပ်မံ၍ ထိမ်းမြားနိုင်သည်။

၁၂။ မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ ထိမ်းမြားမှု မပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်း မပြုရ။

**အခန်း (၅)**
**ပြစ်ဒဏ်များ**

၁၃။ မည်သူမဆို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားသည် အခြားသူနှင့်ထပ်မံ၍ ထိမ်းမြားလျှင် ဤဥပဒေအရ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ ကျန်သည့် မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၄ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှု ကျူးလွန်သူသည် နှစ်ဦးပိုင် ပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်း၏ အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်။

၁၆။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောက်ျားတစ်ဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက တရားမဝင်ထိမ်းမြားခြင်းဖြစ်သဖြင့် နောက်မိန်းမသည် ထိုယောက်ျား၏ အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမယူသည့် ယောက်ျားသည်လည်း ပထမမိန်းမနှင့် နောက်မိန်းမတို့၏ အမွေကို ဆက်ခံခွင့်မရှိစေရ။

၁၇။ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောက်ျား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောက်ျား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အခန်း (၆)**
**အထွေထွေ**

၁၈။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောက်ျား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောက်ျား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက နစ်နာသူသည် တရားမကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၁၉။ ဤဥပဒေ အာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာအရ ဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့် ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက်စေရ။

၂၀။ တရားမဝင်ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ် ထိမ်ချန်ထိမ်းမြားလက်ထပ်ခြင်းကြောင့် ရရှိလာသော သား၊ သမီးများသည် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆုံးရှုံးခြင်းမရှိစေရ။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်း မရှိစေရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး ထိရောက်စွာအရေးယူမည့်နည်းလမ်းများ ဆွေးနွေး



**ရန်ကုန် ဩဂုတ် ၃၁**

အများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ သုံးစွဲနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲမှု နည်းလမ်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စရပ်များ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာန(FDA)က ထောက်ခံချက်ပေးထားသည့် ကုန်ပစ္စည်းများနှင့် ဈေးကွက်တွင် ဖြန့်ချိနေသည့် ကုန်ပစ္စည်းများ ကွဲလွဲမှုများရှိနေကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။

"FDA အနေနဲ့ သူထောက်ခံချက်ပေးထားတဲ့ ကုန်ပစ္စည်းတွေကို သုံးလတစ်ခါ မလုပ်နိုင်ရင်တောင် ခြောက်လတစ်ခါ ဈေးကွက်ထဲကကောက်ပြီး အန္တရာယ်ရှိ၊ မရှိ စစ်ဆေးသင့်တယ်။ အန္တရာယ်ရှိတယ်ဆို ထုတ်ပြန်ကြေညာပြီး အရေးယူသင့်တယ်။ ဒီမှာက ထုတ်ပြန်ကြေညာတာပဲ ရှိတယ်။ အရေးယူတာ မတွေ့ရဘူး။ ပညာပေး သတိပေးရုံနဲ့တော့ မရဘူး"ဟု ၎င်းက ဆိုသည်။

အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်သည် အမျိုးသား လုံခြုံရေးနှင့် နီးနွယ်ပတ်သက်နေပြီး ယခုအခါ တစ်ကမ္ဘာလုံးက လက်ခံကျင့်သုံးလျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံတွင် ယခုနှစ်ပိုင်းအတွင်း အများပြည်သူတို့ စားသုံးသည့် အစားအသောက်အများစုတွင် ဘေးအန္တရာယ်ဖြစ်စေမည့် ဓာတုပစ္စည်းများကို သုံးစွဲလျက်ရှိနေကြောင်း သိရသည်။

"စားသောက်ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ပြည်သူလူထုကလည်း သတိထားရမယ်။ အသိဉာဏ်လည်းရှိရမယ်။ ထုတ်လုပ်သူတွေဘက်ကလည်း အန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းတွေကို လောဘဖက်ပြီး လုပ်တာမျိုး၊ ထွင်တာမျိုး မလုပ်သင့်ဘူး။ ကျွန်တော်တို့ခေတ်တုန်းက အလှအပဖြစ်အောင် ထိုးမုန့်၊ လမုန့်တွေကို အရောင်တင်တယ်။ တင်လိုက်တဲ့အရောင်က စားသုံးနိုင်တဲ့ အရောင်ဆိုအကြောင်းမဟုတ်ဘူး။ အထည်ဆိုးဆေးအရောင်ဆိုရင်တော့ အန္တရာယ်ရှိတယ်။ ဒါဆို ပိတ်ပစ်လိုက်တယ်"ဟု အစာဆေးဝါးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာစိုးမြတ်ထွန်းက ပြောသည်။

ယခုအခါ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ တိုးတက်လာသော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုတို့နှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန်အတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနကို အဆင့်မြှင့်တင်တိုးချဲ့ ဖွဲ့စည်းပြီး လုပ်ထုံး လုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ပြောင်းလဲခြင်း၊ ခေတ်နှင့်လျော်ညီသည့် ဥပဒေများ ပြင်ဆင်ရေးဆွဲခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ခေတ်တုန်းက ဝန်ထမ်းအင်အား ၂၀၀ လောက်နဲ့ တစ်နိုင်ငံလုံး အတိုင်းအတာလုပ်ခဲ့ရတယ်။ အခု ဝန်ထမ်းအင်အား တိုးချဲ့လိုက်ပြီးဆိုတော့ တစ်နိုင်ငံလုံးကိုလည်း လွှမ်းခြုံနိုင်တယ်။ လိုအပ်ချက်ကတော့ ရှိနေမှာပါ။ အခြေအနေကြည့်ပြီး ဖြည့်ဆည်းပေးရမှာပါ"ဟု ဒေါက်တာစိုးမြတ်ထွန်းက ပြောသည်။

"FDA က အရင်တုန်းက ဝန်ထမ်းအင်အားနည်းတော့ မလုပ်နိုင်ဘူး ပြောပါတယ်။ အခု ဝန်ထမ်းအင်အားလည်း များလာပြီ။ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပြီး NGO အဖွဲ့တွေနဲ့ ပူးပေါင်းပြီးလုပ်ရင်တော့ အရင်တုန်းကထက် ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်"ဟု ဦးဗအုပ်ခိုင်က ပြောသည်။

၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနကို ခေတ်နှင့်အညီ တိုးတက်လာသော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုတို့နှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းအင်အား ၄၁၄ ဦးဖြင့် ဆောင်ရွက်နေရာမှ ဝန်ထမ်းအင်အား ၂၈၇၅ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

**သတင်း - မင်းသစ်**
**ဓာတ်ပုံ -FDA**

## ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများအတွက်အသုံးပြုရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းက လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ခေတ္တပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၃၀ ရက်က ခေါက်ဆွဲခြောက် ၂၅ အိတ်၊ ခတ်မီး နှစ်အိတ်၊ အဝတ်အထည် ၇၅ အိတ်၊ အချိုရည် ၆၇ ကတ်၊ ရေသန့်(၇၈၃ ကတ်/၅ အိတ်)၊ ဆေး ရှစ်အိတ်၊ မုန့်ခြောက် ၁၅ အိတ်၊ ဆား တစ်ဖာ၊ ငါးသေတ္တာ နှစ်အိတ်၊ စတီးဒန်အိုး ၂၁ လုံး၊ ထွန်းပန်းပေါင်းစုံ ဒဏ်ကြေလိမ်းဆေးပုံး ၇၀၊ အစာဖြေဆေးပုံး ၄၀၊ အခိုးပွင့်အဖျားပျောက်ဆေး ငါးအိတ်၊ ချောင်းဆိုးပျောက်ဆေး အထုပ် ၄၀၊ သံပုရာအနာလိမ်းဆေး အထုပ် ၂၀၊ ခွဲသလိပ်ကြေရင်လူးဆေး အထုပ် ၂၀၊ ဘိလပ်မြေ အိတ် ၂၀၀ တို့ကို လက်ခံရရှိခဲ့သည်။

ထို့အတူ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်တွင် အဝတ်အထည် ၁၁ အိတ်၊ ရေသန့်ဘူးကတ် ၃၀၀ တို့ကို လက်ခံရရှိခဲ့သည်။ အဆိုပါ အလှူပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ကလေးမြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အခြေခံအိမ်တွင်းမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကလေးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းနည်းပြများနှင့်သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းသူများအတွက် နေထိုင်စားသောက်စရိတ်၊ သင်ထောက်ကူပစ္စည်းများနှင့် ခရီးစရိတ်များ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ညောင်တုန်းမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်း ကွင်းဆင်းအခမဲ့ဆေးကုသ

**ညောင်တုန်း ဩဂုတ် ၃၁**

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (Y.M.C.A) အသင်းကဦးဆောင်၍ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော အခမဲ့ဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၂၉ ရက် နံနက်က ညောင်တုန်းမြို့နယ်အတွင်း စံကင်းကျွန်းရှိ အလယ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား အခမဲ့ဆေးဝါးများ ကုသပေးကြသည်။


"ကျွန်တော်တို့မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းဟာ အခုလိုသဘာဝဘေးအန္တရာယ်ဖြစ်နေတဲ့နေရာတွေကိုလိုက်ပြီး အခမဲ့ဆေးကုသပေးနေတာပါ။ အခု ကျွန်တော်တို့အဖွဲ့မှာ ဆရာဝန် နှစ်ဦး၊ သူနာပြုသုံးဦး၊ ဘရာဇီးနိုင်ငံသား နှစ်ဦးနဲ့ ကျွန်တော်အပါအဝင် အားလုံး ၁၂ ဦးဖြစ်ပါတယ်။ ကျွန်တော်က အထွေထွေရောဂါတွေကို ကုသပေးသွားမှာပါ။ အခုတွေ့ရတဲ့ရောဂါတွေက သွေးတိုး၊ ခန္ဓာကိုယ်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ အာဟာရချို့တဲ့ရောဂါ၊ ကိုယ်ရေပြားယားယံနဲ့ ပန်းနာရောဂါတွေ တွေ့ရှိပါတယ်။ အထူးသဖြင့် ရောဂါပေါ်မှာမူတည်ပြီး ဒေသန္တရဆေးရုံ၊ ဆေးခန်းနဲ့ ကုသဖို့မလုံလောက်ပါက ရန်ကုန်ဆေးရုံတွေကို အခမဲ့ပို့ဆောင်ပေးတဲ့အပြင် ပြည်ပမှာ ကုသမှုရမယ်ဆိုတဲ့ ရောဂါမျိုးတွေကိုပါ အခမဲ့ပို့ဆောင်ပေးပါတယ်။ အခု ကျွန်တော်တို့မှာ အထွေထွေရောဂါများ ကုသဖို့ လူ ၅၀၀ အတွက် ဆေးအလုံအလောက်ပါပါတယ်။ ဒီနေ့ဆိုရင် လူ ၃၀၀ လောက် ကုသပေးရပါတယ်"ဟု အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာ သာညဏ်က ရှင်းပြသည်။

အဆိုပါဆေးကုသရေးအဖွဲ့အား မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းတို့က သွားရောက်၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးကြသည်။ စံကင်းကျွန်းဒေသ ရေဘေးသင့်ကျေးရွာအချို့ရှိ ပြည်သူများအား ယင်းအဖွဲ့မှ ဆက်လက်၍ အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**




တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)



# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်
(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်
(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်**

ဦးခင်မောင်ရီ
အမြဲတမ်းအတွင်းဝန်
ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉ ၂၀၀၇၄၅၄

တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)



# ပဲခူးမြို့ဖြတ် ရန်ကုန်-မန္တလေးလမ်းမကြီး ရေကြီးမှုမရှိခဲ့၍ မြန်မာနိုင်ငံအထက်ပိုင်းဒေသများရှိ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများ လွယ်လင့်တကူ ပို့ဆောင်နိုင်

သတင်းနှင့် ဓာတ်ပုံ - ပိန်းဇလုပ်သိန်းညွန့်၊ ရာမည

**ပဲခူး ဩဂုတ် ၃၁**

ယခုနှစ်မုတ်သုံရာသီ၏ ထူးခြားပြင်းထန်သော မိုးရွာသွန်းမှုနှင့်အတူ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေကြီးနစ်မြုပ်မှုအခြေအနေများ၊ တောင်ပြိုမြေပြိုခြင်းနှင့် ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည်။

ထိုသို့ သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသများသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလစေတနာရှင်များ၊ ဌာနဆိုင်ရာများမှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းခဲ့ကြသည်ကို တွေ့မြင်ကြားသိနေရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သည် ပဲခူးမြစ်ကမ်းဘေးတွင်တည်ရှိပြီး မြေပြင်အနေအထားအရ မြေနိမ့်လွင်ပြင်ဖြစ်ခြင်းကြောင့် ပဲခူးမြစ်ရေကြီးရေလျှံမှုကို နှစ်စဉ်ကြုံတွေ့ခဲ့ရပြီး ပဲခူးမြို့၌ ထိုသို့ရေကြီးနစ်မြုပ်၍ ကုန်စည်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေခဲ့သော ပဲခူးမြို့ဖြတ် ရန်ကုန်-မန္တလေးလမ်းမကြီးသည် ယခုနှစ် ပဲခူးမြို့၏ အဆိုးရွားဆုံးအခြေအနေ၌ လမ်းပေါ် ရေတင်မှုထုထည် ၈ လက်မမျှသာရှိခဲ့ပြီး ထိုရေမှာလည်း အချိန်တိုအတွင်းကျဆင်းကာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများရှိ ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများကို ယင်းလမ်းမှတစ်ဆင့် အဆက်မပြတ်သယ်ယူပို့ဆောင်နိုင်ခဲ့ရာ များစွာအဆင်ပြေချောမွေ့မှုရှိခဲ့ကြောင်း သိရသည်။

ထိုသို့ပဲခူးမြို့ဖြတ် ရန်ကုန်-မန္တလေးလမ်းမကြီး ရေမကျော်ရခြင်းမှာ ပဲခူးမြစ်ရေကြီးရေလျှံမှုကို လျော့ပါးသက်သာစေနိုင်သည့် ရေနုတ်မြောင်းနှစ်ခုဖြစ်သော ခေါင်းဆေးကျွန်းချောင်းနှင့် မဇင်းချောင်းတို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)မှ တူးဖော်ဆောင်ရွက်ခဲ့ခြင်း၏ အကျိုးကျေးဇူးရလဒ်ပင်ဖြစ်ကြောင်း ခေါင်းဆေးကျွန်းချောင်းတံတားအနီးအနားတွင် ဈေးရောင်းဈေးဝယ်လုပ်ကိုင်လျက်ရှိသော ကိုမျိုးမင်းက ဆိုသည်။



ချုံနွယ်များပိတ်ဆို့နေခြင်း၊ သဲနုန်းများပို့ချတိမ်ကောနေခြင်း၊ တိုးချဲ့လာသောအိမ်ရာများ ချောင်းနယ်နိမိတ်အတွင်း ဝင်ရောက်နေခြင်း အစရှိသည့်အခက်အခဲများရှိခဲ့လင့်ကစား ခေါင်းဆေးကျွန်းတံတားမှ ပဲခူးမြစ်ဝအထိ အရှည်ပေ ၇၆၀၀ ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ စတင်၍ ကန်ပတ်လမ်းနှင့် ကျွန်းပတ်တာဖို့ခြင်း၊ ခေါင်းဆေးကျွန်းနံရံကျောက်စီခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မဇင်းတာတမံမှ ပဲခူးမြစ်အထိ အရှည်ပေ ၂၂၈၀၀ တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ ကြိုတင်ပြင်ဆင်လုပ်ဆောင်မှုများကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးရေချိန် ၉၀ ဒသမ ၃ လက်မနှင့် ပဲခူးမြစ်ရေ ၉၁၁ စင်တီမီတာသို့ ရောက်ရှိသော်လည်း ရန်ကုန်-မန္တလေး ကားလမ်းရေကျော်မှုဖြစ်စဉ်ကို လျော့ပါးစေခဲ့ပြီး အလားတူပင် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများမှလည်း ကာကွယ်နိုင်ခဲ့သည်ဟု ယင်းလမ်းကို နှစ်စဉ်ဖြတ်သန်းမှုပြုနေသော ဒေသခံသတင်းထောက် ကိုသိန်းညွန့်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ပဲခူးမြစ်သည် ပဲခူးမြို့အနောက်မြောက်ဘက် ပဲခူးရိုးမမှမြစ်ဖျားခံ၍ ကဝမြို့နယ်ကို ဖြတ်သန်းပြီး ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ချောင်းခွကျေးရွာအနီးတွင် ခရမ်းချောင်းနှင့်ပေါင်းဆုံ၍ ရန်ကုန်မြစ်အတွင်းသို့ စီးဝင်လေ့ရှိကြောင်း၊ ပဲခူးမြစ်သည် ဒီရေအတက်အကျရှိပြီး ဒီရေထောက်မှုသည် ပဲခူးမြို့အထိ အကျိုးသက်ရောက်မှုရှိကြောင်း၊ သို့ဖြစ်ခြင်းကြောင့် မိုးရာသီဒီရေထောက်မည့်ကာလနှင့် မိုးရေချိန်များပြားပြီး မြစ်ရေကြီးချိန်နှင့် တိုက်ဆိုင်သည့်ကာလတွင် ပဲခူးမြစ်ရေကြီးရေလျှံမှု ဖြစ်ပေါ်စေကြောင်းသိရသည်။

ပဲခူးမြစ်ရေကြီးမှုသည် ၂၀၁၁ခုနှစ် ဩဂုတ် ၁၀ ရက်တွင် မြစ်ရေအမှတ် ၉၆၀ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး ယင်းသည် ၄၇ နှစ်တာကာလအတွင်း စံချိန်သစ်ဖြစ်ကြောင်း၊ မိုးရေချိန်လက်မ ၄၈ ဒသမ ၉၂ ရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်က မိုးရေချိန်လက်မ ၆၂ ဒသမ ၄၀ ရှိခဲ့ပြီး ၂၀၁၁ ခုနှစ် ပဲခူးမြစ်ရေအမှတ် ၉၆၀ စင်တီမီတာရောက်ရှိခဲ့စဉ်ကထက် မိုးရေချိန်လက်မ ၁၃ ဒသမ ၄၈ ပိုမိုရွာသွန်းခဲ့သော်လည်း ပဲခူးမြစ်ရေသည် ၉၄၀ စင်တီမီတာအထိသာ ရောက်ရှိခဲ့ကြောင်း၊ ထိုကဲ့သို့ ပဲခူးမြစ်ရေအမှတ်လျော့နည်းရခြင်းမှာ ၂၀၁၂ ခုနှစ် ပွင့်လင်းရာသီတွင် ပဲခူးမြစ်အထက်ပိုင်း၌ ရေကူရေလှောင်တမံများတည်ဆောက်ခဲ့ခြင်း၊ ပဲခူးမြစ်အတွင်း သဲသောင်ခုံများတူးဖော်ခဲ့ခြင်း၊ ဇောင်းတူရေသွယ်မြောင်း တိုးချဲ့တူးဖော်ခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့အပြင် ပဲခူးမြို့အတွင်းရှိ သဘာဝရေနုတ်မြောင်းနှစ်ခုဖြစ်သော ခေါင်းဆေးကျွန်းနှင့် မဇင်းချောင်းတို့မှာ သဲနုန်းများပို့ချပြီး တိမ်ကောနေခြင်း၊ ချုံနွယ်များပိတ်ဆို့နေခြင်းတို့ကြောင့် ပဲခူးမြစ်အတွင်း ရေထုတ်နုတ်ပေးနိုင်ခြင်း မရှိတော့ကြောင်း၊ သို့ဖြစ်၍ ယင်းတို့ကို တူးဖော်ပေးလိုက်ခြင်းဖြင့် ရေကြီးရေလျှံမှုဖြစ်စဉ်များလျော့ပါးသွားကြောင်း၊ အထူးသဖြင့် ခေါင်းဆေးကျွန်းအနီးရှိ ရန်ကုန်-မန္တလေးကားလမ်းရေကျော်ခြင်းနှင့် မဇင်းချောင်း ဝဲ၊ ယာ တစ်လျှောက်တွင် တည်ရှိသော မဇင်းရပ်ကွက်နှင့် ဇိုင်းဂနိုင်းရပ်ကွက်တို့ ရေကြီးနစ်မြုပ်မှု မရှိတော့ကြောင်း ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ရှင်းပြသည်။

နှစ်စဉ်ကြုံတွေ့နေရမြဲဖြစ်သော ရေလွှမ်းမိုးမှုဖြစ်စဉ်မှာ ယခုနှစ်တွင် သက်သာသွားသကဲ့သို့ လာမည့်နှစ်များတွင်လည်း ပိုမို၍သာလွန်ကောင်းမွန်သော အခြေအနေများရရှိရန်အတွက် ပဲခူးမြို့အတွင်းရှိ ချောင်းတို၊ မြောင်းတိုများ၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရန် သက်ဆိုင်ရာများမှ လိုအပ်သည့် စီမံကိန်းများကို အချိန်အခါအလိုက် ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။



# အင်္ဂပူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုးနေ

**အင်္ဂပူ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် မိုးစပါးများကို ပြန်လည်စိုက်ပျိုးနေပြီဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောသည်။

"ရေကြီးနစ်မြုပ်လို့ ပျက်စီးသွားတဲ့ မိုးစပါးတွေကို ရေကျသွားတဲ့နေရာတွေမှာ ပြန်လည်စိုက်ပျိုးနေပါပြီ။ အခုလိုပြန်လည်စိုက်ပျိုးတဲ့နေရာမှာလည်း စိုက်ပျိုးရာသီမီဖို့ သက်တမ်းတိုစပါးမျိုးတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကူအညီနဲ့ဆောင်ရွက်ပေးနေတယ်။ ဒါကြောင့်လည်း မျိုးစပါးအခက်အခဲဖြစ်လို့ မစိုက်ဖြစ်တဲ့တောင်သူတွေတောင် ပြန်လည်စိုက်ပျိုးလာကြပါတယ်။ နောက်ထပ် စိုက်ပျိုးဖို့အတွက်လည်း မျိုးခင်းများ အသင့်ပြင်ဆင်ထားပါတယ်" ဟု မြို့နယ်ဦးစီးမှူးက ပြောသည်။

အင်္ဂပူမြို့နယ်တွင် ဇူလိုင် ၂၇ ရက်ခန့်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် စိုက်ပျိုးမြေ ၅၃၆၀၈ ဧက ရေနစ်မြုပ်ခဲ့သည့်အနက် စိုက်ပျိုးမြေ ၃၀၂၆၇ ဧက ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ပျက်စီးဆုံးရှုံးသွားသည့်မိုးစပါးများကို ပြန်လည်စိုက်ပျိုးလျက်ရှိရာ ယင်းဒေသတွင် ဩဂုတ် ၃၁ ရက်အထိ မျိုးစပါးများကို ဧက ၁၁၀၀ ကျော် ပျိုးထောင်စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

"ပထမပိုင်းမှာတော့ မျိုးစေ့ဝယ်ဖို့ အခက်အခဲရှိခဲ့တယ်။ အခုတော့ သက်ဆိုင်ရာက မျိုးအတွက်ကူညီပေးလို့ ပြန်လည်စိုက်ပျိုးဖြစ်တာပါ။ ရေဆက်မတက်ရင်တော့ အခုပြန်စိုက်ထားတဲ့ ပျိုးပင်တွေကို ဓာတ်မြေဩဇာကျွေးမယ်။ လောလောဆယ်တော့ ဓာတ်မြေဩဇာ လိုအပ်နေပါသေးတယ်" ယင်းမြို့နယ်ရှိ တလိုင်းကွင်းကျေးရွာမှ တောင်သူ ဦးခင်ကြိုင်က ပြောသည်။

ထိုသို့ စိုက်ပျိုးနိုင်ရန်အတွက် သက်တမ်းတိုမျိုးစပါးများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့်မှာယူ၍ တောင်သူများကို ယာယီဆိုင်းငံ့စနစ်ဖြင့်ချပေးထားကြောင်းသိရသည်။ အဆိုပါ မြို့နယ်တွင် ရေနစ်မြုပ်ပျက်စီးသွားခဲ့သည့် မိုးစပါးစိုက်ဧကများအနက်မှ ဧက ၁၀၀၀၀ ကျော်သာ မိုးစပါးပြန်လည်စိုက်ပျိုးရန်စီစဉ်ထားပြီး ကျန်စိုက်ဧကများမှာ ဧရာဝတီမြစ်၊ ငဝန်မြစ်တို့နှင့် ဆက်စပ်နေသဖြင့် စပါးပြန်လည်စိုက်ပျိုးနိုင်ရန် အချိန်နောက်ကျသွား၍ ပဲ(မတ်ပဲ)သာစိုက်ပျိုးနိုင်တော့ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၁**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်(ရုံးချုပ်) အလှူခံဌာန၌ ငွေကျပ် ၇၄၂၇၄၆၆၀၀ နှင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)အလှူငွေစာရင်းအမှတ် (CF-002301)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းငွေ ၇၈၃၃၄၆၇၁ ကျပ် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အလှူငွေစာရင်းအမှတ် (OA-011834)သို့ AIACo.,Ltd မှ တိုက်ရိုက်ထည့်သွင်း လှူဒါန်းငွေကျပ် ၆၀၀၀၀၀၀ အပါအဝင် မြန်မာအလှူငွေစုစုပေါင်း ၈၂၇၀၈၁၂၇၁ ကျပ်ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြတ်မြတ်အုန်းခင်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ငွေကျပ် ၂၀၀၀၀၀၊ လားရှိုးခရိုင်ဦးစီးမှူးရုံး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘောလုံးသမားဟောင်းများက ကြီးမှူးကျင်းပသည့် ရေဘေးသင့်ပြန်လည်ထူထောင်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲနှင့် အလှူရှင်စေတနာရှင်များက ငွေကျပ် ၃၅၀၀၀၀၀ ကို ငွေစာရင်းသို့ တိုက်ရိုက်ထည့်သွင်း လှူဒါန်းခဲ့သည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ကျပ် ၂၇၃၈၁၀၃၂၄၃၊ အမေရိကန်ဒေါ်လာ ၁၂၄၀၃၆၄ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၉၁၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၉၆၀၀၀ ဖြစ် သည်။

လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## ကူညီထောက်ပံ့မှုများ

### နိုင်ငံတကာအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်ပြည်သူများသို့ နှိုးဆော်ချက်

၁။ ၂၀၁၅ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် တောင်သူလယ်သမားများ၏ မိုးစပါးစိုက်လယ်မြေများ၊ ပျိုးခင်းများ၊ သီးနှံစိုက်ခင်းများနှင့် သိမ်းဆည်းထားသော သီးနှံမျိုးစေ့များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အဆိုပါပျက်စီးသွားသော မိုးစပါးအပါအဝင် သီးနှံစိုက်ခင်းများအား အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ်၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသော မိုးစပါးအပါအဝင် အခြားသီးနှံများ အချိန်မီ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့များ၊ သွင်းအားစုများ ဝယ်ယူစုဆောင်းထောက်ပံ့ပေးလျက်ရှိရာ လှူဒါန်းလိုသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်များအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်မှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဦးကျော်ရွှေ | ညွှန်ကြားရေးမှူးချုပ် | ၀၉-၈၅၆၈၇၂၂<br>၀၆၇-၄၁၀၁၃၃<br>၀၆၇-၄၁၀၀၀၇ |
| (ခ) | ဦးအေးကိုကို | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၉-၈၃၀၆၇၂၅<br>၀၉-၂၅၀၈၇၃၃၇၅<br>၀၆၇-၄၁၀၄၂၂ |
| (ဂ) | ဦးလှမြင့်အောင် | ညွှန်ကြားရေးမှူး | ၀၉-၂၅၉၀၂၃၇၀၇<br>၀၆၇-၄၁၀၅၂၆ |

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် ဩဂုတ်(၃၁)ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | – | – | – |
| ၂။ | ကချင်ပြည်နယ် | ၃၂၅၁၈ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၁၇၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၅၂၀၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၈၈၉ | ၁၅၂၈၄၇ | ၆၂၂၇၀ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၁၈၂၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | – | – |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၂၀၇၄၀၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၇၆၉၄၁ | ၅၆၄၈၆ | ၆၈၈၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၄၅၀၂၇ | ၂၅၀၇၆၀ | ၂၀၈၉၉၉ | ၁၀၄၈၂ |
| | စုစုပေါင်း | ၁၄၄၇၀၈၀ | ၁၃၆၉၃၃၅ | ၁၁၀၈၉၄၇ | ၈၄၁၆၈၈ | ၃၆၁၁၄၁ |

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

နေပြည်တော် ဩဂုတ် ၃၁

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေသုံးခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော ဆန်၊ အဝတ်အထည်၊ စားသောက်ကုန်၊ ကော်ဖီမစ်၊ ပန်းကန်၊ စားစရာမျိုးစုံ၊ ကျောင်းသုံးပစ္စည်း၊ နို့မှုန့်၊ ရေသန့်ဆေး၊ သက်န်း၊ ထီးနှင့် ဖိနပ်များကို ပေးပို့ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ရေဘေးပြန်လည်ထူထောင်ရေး အထူးရန်ပုံငွေခြေစမ်းပွဲ သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၃၁

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အထူးရန်ပုံငွေပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန်လက်ရွေးစင်အသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲအပါအဝင် မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးသမားများ၊ ရုပ်ရှင်နှင့် အဆိုတော်နာမည်ကျော်ဘောလုံးသမားများ နှစ်ဖက်ခွဲကစားမည့် အထူးခြေစမ်းပွဲနှင့် ပရိသတ်များအတွက် ပျော်ရွှင်စရာဂိမ်းအစီအစဉ်များ၊ ကြိုတင်လက်မှတ်ရောင်းချမည့် အစီအစဉ်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အထူးသတင်းစာရှင်းလင်းပွဲသို့ အထူးခြေစမ်းပွဲပါဝင်ကစားမည့် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ တက်ရောက်ရှင်းလင်း ပြောကြားမည်ဖြစ်ပြီး သတင်းမီဒီယာများကိုလည်းဖိတ်ကြားထားသည်။ အထူးခြေစမ်းပွဲကို စက်တင်ဘာ ၇ ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဟု သိရသည်။

ဇေယျာ (မိုင်ရာ)

## ဥတုရာသီတောကိုမှီ၍

## ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃. ၅၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၉၈' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၄၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၅၀' |
| ၆။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၅' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၅၀' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၄၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၁၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၂။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၁၅' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၈၀' |
| ၂၂။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၈၈ | ၀. ၁၀' |
| ၂၃။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၅၀' |
| ၂၄။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၇၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၁. ၄၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၉၀' |
| ၂၈။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၂၉။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၆၀' |
| ၃၁။ | မုံရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၇၀' |
| ၃၂။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၂၀' |

(သတင်းစဉ်)

## မိုးရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ညောင်ဦး - ငါ့သရောက် ကျောက်ချောလမ်း ပြန်လည်ပြုပြင်

ငါ့သရောက် ဩဂုတ် ၃၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၄၉၃ ဒသမ ၈၄၈ သိန်းအသုံးပြု၍ မိုးရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ညောင်ဦး-ငါ့သရောက် ကျောက်ချောလမ်း အရှည်ပေ ၁၂ မိုင် ၄ ဖာလုံအား ဒေသခံပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ သွားလာမှုလွယ်ကူအဆင်ပြေစေရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ညောင်ဦး-ငါ့သရောက် ကျောက်ချောလမ်းအား အသစ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Join full ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ဇူလိုင် ၅ ရက်မှစတင်၍ မြေသားလမ်းအကျယ် ၁၈ ပေခန့် မြေညှိခြင်းလုပ်ငန်းများနှင့် လမ်းတစ်လျှောက်ရှိ ရေကျော် ၁၆ စင်းအား ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်းများကို ယင်းကုမ္ပဏီမှ ဦးရဲထူးနှင့် တာဝန်ရှိသူများက အဖွဲ့သုံးဖွဲ့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ညောင်ဦး-ငါ့သရောက် ကျောက်ချောလမ်းအား အသစ်ပြန်လည်ပြုပြင်ရာတွင် Join full ကုမ္ပဏီက သွားလာမှုလွယ်ကူချောမွေ့စေရန် ဂျင်မြေသားဖြင့် ထပ်မံဖြည့်တင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုသက်သာစေရန်အတွက် လမ်းဘေး ဝဲ၊ ယာများတွင် ရေနုတ်မြောင်းများ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လမ်းပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ငါ့သရောက်မှ ညောင်ဦးသို့ အချိန်တိုတိုနှင့် လွယ်ကူချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရဲဝင်းနိုင်(မြန်/ဆက်)

■

# မင်းလှမြို့နယ်တွင် မျိုးချင်းဖလှယ် စိုက်ပျိုးကေပေါင်း ၄၈၀၀ ပြန်လည် စိုက်ပျိုးပြီးစီး

**မင်းလှ ဩဂုတ် ၃၁**

ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမြင့်တက်ခဲ့မှုကြောင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ ကျေးရွာများတွင် စပါးခင်းနှင့် ပျိုးခင်းများ ရေနစ်မြုပ်ခဲ့သဖြင့် လယ်ယာမြေဧက ၁၃၀၀၀ ကျော်ရေနစ်မြုပ်ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများအတွက် ယခုအခါ စပါးခင်းများကို ပြန်လည်စိုက်ပျိုးလျက်ရှိရာ မြို့နယ်၊ ကျေးရွာများ၏ မျိုးချင်းဖလှယ်စိုက်ပျိုးချက်အရ လက်ရှိဧကပေါင်း ၄၈၀၀ ပြန်လည်စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မင်းလှမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က "ကျွန်တော်တို့ဆီမှာ ရေကြီးတဲ့အချိန်က လက်ရှိရေအမှတ်ကနေ အမြင့် ၁၅ ပေထိမြင့်တက်ခဲ့ပါတယ်။ မင်းလှ-မိုးညိုကားလမ်းဘေးအစပ်ထိရောက်ခဲ့တာပါ။ အချို့ရေဘေးသင့်ပြည်သူတွေကလည်း ရေဘေးကယ်ဆယ်ရေးစခန်းကို သွားကြတယ်။ အချို့လည်း နီးစပ်ရာဆွေမျိုးသားချင်းအိမ်တွေသွားကြတယ်။ ခုတော့ ရေပြန်လည်ကျဆင်းခဲ့ပြီမို့ ကျေးရွာများကပြည်သူများလည်း ကယ်ဆယ်ရေးစခန်းများကနေ ထွက်ခွာပြီး သူတို့အိမ်တွေမှာ အခြေချနေထိုင်နေကြပါပြီ။ လူ၊ တိရစ္ဆာန်လည်း အသေအပျောက်မရှိပါဘူး" ဟု ရှင်းပြခဲ့သည်။

ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေမြင့်တက်ခဲ့မှုကြောင့် မြစ်မခမြစ်အနီးရှိ ကျေးရွာပေါင်း ၂၁ ရွာမှ အိမ်ခြေ ၂၇၄၈ ရေနစ်မြုပ်ခဲ့ရပြီး လူဦးရေ ၁၁၈၉၈ ဦး ရေဘေးသင့်ဒဏ်ခံစားခဲ့ကြရသည်။ ထိုအခိုက် မင်းလှမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု ဖွင့်လှစ်ခဲ့ရပြီး အိမ်ထောင်စု ၄၅၀ ကျော်မှ လူဦးရေ ၁၈၅၈ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်းများ၌ အသီးသီးထားရှိခဲ့ရသည်။

မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများအတွင်း ဇူလိုင် ၃၁ ရက်ကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများမှာ ဩဂုတ် ၁၂ ရက်တွင် ရေပြန်လည်ကျဆင်းခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် ရေဘေးကယ်ဆယ်ရေးစခန်းများအား ပြန်လည်ရုပ်သိမ်းခဲ့ကာ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများမှာ ၎င်းတို့နေအိမ်များသို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်ကြပြီဖြစ်သည်။

လက်ရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး အလှူရှင်များမှလည်း ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းကြခြင်းကြောင့် မြို့နယ်အတွက် အထောက်အကူပြုကြောင်း သိရသည်။

ထန်းပင်ကုန်းရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက "ရွာမှာက ဇူလိုင်လဆို နှစ်စဉ်ရေကြီးတယ်ဆိုပေမယ့် ဒီနှစ်က အခြေအနေအရမ်းဆိုးပါတယ်။ ရွာမှာဆို ၁၁ ပေထိ ရေမြင့်တက်ခဲ့တာပါ။ ကျွန်တော်တို့ရွာမှာက စပါးစိုက်ခင်း ၁၀၇၈ ဧကရှိပါတယ်။ အကုန်ပျက်စီးခဲ့ရတာပါ။ ခုတော့ဧက ၅၀၀ လောက် ပြန်စိုက်ပြီးပါပြီ။ လက်ရှိနိုင်ငံတော်က စပါးမျိုးစေ့ပြန်ချပေးဖို့အတွက် ကျွန်တော်တို့ဆီမှာ စာရင်းတောင်းထားပါတယ်။ ကျွန်တော်တို့လည်း စပါးစိုက်ပျိုးတာကို ကျွန်တော်တို့နည်းဟန်နဲ့ ကျွန်တော်တို့လုပ်နေသလို နိုင်ငံတော်ကလည်း ပံ့ပိုးပေးမယ်လို့ သိရပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာ အခက်အခဲလေးတွေရှိနေတဲ့အချိန်မှာ အလှူရှင်များကလည်း လာရောက်လှူဒါန်းကြလို့ အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။



ရေပြန်လည်ကျဆင်းခဲ့ပြီဖြစ်သော ထန်းပင်ကုန်းကျေးရွာအား ထန်းပင်ကုန်းတံတားပေါ်မှ တွေ့ရစဉ်။

မြစ်မခမြစ်အနီးရှိ ကျေးရွာပေါင်း ၂၁ ရွာ ရေဘေးသင့်ခံခဲ့ရသည့်အနက်မှ ဆင်ကူးရွာမှာ မြစ်မခမြစ်နှင့် လွန်စွာနီးကပ်နေသောကြောင့် အနီးအနားအိမ်ခြေ ၁၇ လုံးမှ ရွာသူ၊ ရွာသားများမှာ ကြောက်လန့်၍ ၎င်းတို့အိမ်ခြေများအား ဖြိုဖျက်ခဲ့ပြီး အခြားဆွေမျိုးသားချင်းများရှိရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း၊ ယင်းအပြင် အဆိုပါအိမ်ခြေ ၁၇ လုံးမှ ရေဘေးသင့်ပြည်သူများ ၎င်းတို့နေအိမ်များ ပြန်ဆောက်လုပ်ရန်အတွက် လက်ရှိ မြေနေရာစီစဉ်ထားပေးကြောင်းနှင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးရေးအတွက်လည်း နိုင်ငံတော်မှ စာရင်းကောက်ယူလျက်ရှိကာ ပြန်လည်ထောက်ပံ့ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူကပြောသည်။ **စိုးဝင်း(MLA)**

## မိုးစပါးစိုက် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မိုးစပါး ၁၅ သန်းနှင့် နွေစပါး ဧကသုံးသန်းခန့် စိုက်ပျိုးပြီး စပါးတင်း သန်းပေါင်း ၁၃၄၇ ထွက်ရှိကာ ဆန်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် ဆန်တင်ပို့ရောင်းချနေသော နိုင်ငံတစ်ခုဖြစ်ပါသည်။

၂။ ယခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက် လယ်မြေ ၁၅ သန်းကျော်ရှိသည့်အနက် ၂၄-၈-၂၀၁၅ နေ့အထိ မိုးစပါး ၁၂၈၇၉၅၂ ဧကရေလွှမ်းခဲ့ပြီး ၁၁၂၀၈၁၃ ဧက ပြန်လည်ပေါ်ပြီးဖြစ်ပါသည်။ ၎င်းအနက် ၉၄၀၀၄၃ ဧက ထိခိုက်ခဲ့ပြီး ဧက ၆၉၄၇၄၀ ပျက်စီးခဲ့ခြင်းကြောင့် ပျက်စီးမှုရာနှုန်း ၄ ဒသမ ၆ ရာခိုင်နှုန်းရှိ၍ ပျက်စီးဧကများအား အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိရာ ၂၇၉၀၇၂ ဧက ပြန်လည်စိုက်ပျိုးပြီး ဆက်လက်စိုက်ပျိုးလျက်ရှိပါသည်။

၃။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေ များအား မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊
(ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက်(၆၀) အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများ စိုက်ပျိုးခြင်း၊
(ဂ) သက်လျင်စပါးမျိုးဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊
(ဃ) သက်လျင်စပါးမျိုးဖြင့် တိုက်ရိုက် အစေ့ချ စိုက်ပျိုးခြင်း၊
(င) မပျက်စီးဘဲ ထိခိုက်သော စပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲခါတ်မြေဩဇာ(၃း၁) ဖြင့် ရောစပ်ထည့်သွင်းပေးခြင်း၊

၄။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးညီ အချိန်ကိုက် ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ် ဂရုပြုဆောင်ရွက်ခြင်းလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ သို့ပါ၍ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အကူအညီများလိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# ထိုင်းဘုရင့်တပ်မတော်ဆေးအဖွဲ့က ရေဘေးသင့်ဒေသများသို့ သွားရောက်ဆေးကုသပေး

**အင်္ဂပူ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများမှ မိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိုင်းဘုရင့်တပ်မတော်မှ Major General Parinya Khoonnasee ဦးဆောင်သောဆေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနဆေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာနန္ဒဝင်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများပူးပေါင်းပြီး ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့များသို့သွားရောက်ပြီး ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူသွားရောက်ပြီး တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များကို ထောက်ပံ့ပေးခဲ့သည်။

ထိုင်းဘုရင့်တပ်မတော် ဆေးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမတွင် ပြင်ပလူနာ ၃၀၈ ဦး၊ ထူးကြီးမြို့ခန်းမတွင် ပြင်ပလူနာ ၅၃၂ ဦး စုစုပေါင်းလူနာ ၈၄၀ ဦးတို့အား ဆေးကုသပေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ခြင်ဆေးဖျန်းခြင်း၊ ရေသန့်စင်ခြင်းလုပ်ငန်းများကို အ. ထ. က ကျောင်း နှစ်ကျောင်း၊ အ. မ. က ကျောင်း လေးကျောင်းတို့တွင် ဆောင်ရွက်ပေးခဲ့သည်။ **မန်းကျော်(ပြန်/ဆက်)**



ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်းတပ်-မတူပီကားလမ်း မြေပြို၍ လမ်းများပျက်စီးမှုကို လမ်းဦးစီးဌာန၏ဆောင်ရွက်မှုဖြင့် ဩဂုတ် ၂၇ ရက်က စတင်ကာ ယာဉ်ငယ်များ သွားလာနိုင်သည်ကို တွေ့ရစဉ်။
(ခရိုင်ပြန်/ဆက်)



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ပြန်လည် စိုက်ပျိုးထားသော စပါးခင်းများအား ပိုးမွှားရောဂါကျရောက်မှု အခြေအနေ ကွင်းဆင်း စစ်ဆေးနေစဉ်။
(သတင်းစဉ်)

# ကြိုဆိုပါတယ် အနည်းဆုံးအခကြေးငွေ

**ကိုရွှေကျီး**

ဒီနေ့မနက်မှာပဲ သတင်းစာထဲဖတ်လိုက်ရတာကတော့ အလုပ်သမားတွေအတွက် မြန်မာတစ်နိုင်ငံလုံး အကျုံးဝင်တဲ့ အနည်းဆုံးအခကြေးငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်အရ တစ်နာရီကျပ် ၄၅၀ (ကျပ်လေးရာ့ ငါးဆယ်တိတိ) နှုန်းဖြင့် အလုပ်ချိန် ရှစ်နာရီ (တစ်ရက်)အတွက် ကျပ် ၃၆၀၀ (ကျပ်သုံးထောင့် ခြောက်ရာတိတိ)ကို နေရာဒေသနဲ့ လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ အတည်ပြုသတ်မှတ်လိုက်ကြောင်းနဲ့ ဒီသတ်မှတ်ချက်ထဲမှာ အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိတဲ့ လုပ်ငန်းငယ်တွေ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းတွေနဲ့ သက်ဆိုင်မှုမရှိဘူးလို့ တွေ့လိုက်ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံရဲ့သမိုင်းမှာ အနည်းဆုံးအခကြေးငွေကို လုပ်ငန်းအမျိုးအစားအားလုံးပါဝင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပထမဆုံး သတ်မှတ်အကောင်အထည်ဖော်ဆောင်နိုင်ခြင်းဖြစ်တဲ့အတွက် စိတ်ထဲမှာဝမ်းမြောက်နေမိပါတယ်။

နိုင်ငံတစ်ခုမှာ အနည်းဆုံးအခကြေးငွေတစ်ရပ်ကို သတ်မှတ်နိုင်ဖို့ဆိုတာကတော့ တကယ့်ကိုပဲ ခက်ခဲတဲ့ကိစ္စရပ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီလို အနည်းဆုံးအခကြေးငွေတစ်ရပ် ပေါ်ပေါက်ဖို့ အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြရာမှာ ဘယ်လောက်အထိခက်ခဲမှုတွေရှိတယ်၊ ဘယ်လောက် ထိညှိနှိုင်းဆောင်ရွက်ခဲ့ရတယ်ဆိုတာကို အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်တွေ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီဝင်တွေနဲ့ အလုပ်ရှင်တွေ၊ အလုပ်သမားတွေက အသိဆုံးပဲဖြစ်မှာပါ။ အားလုံးရဲ့ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ အပြန်အလှန် နားလည်ယုံကြည်ခဲ့မှုတွေကြောင့်ပဲ ဒီလိုဆောင်ရွက်နိုင်ခဲ့တာလို့ပဲ ထင်ပါတယ်။ အထူးသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရမှာဖြစ်ပါတယ်။

အနည်းဆုံးအခကြေးငွေကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)ရဲ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၉၀ ရာခိုင်နှုန်းလောက်က ကျင့်သုံးနေကြပြီဖြစ်လို့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကလည်း ပြဋ္ဌာန်းကျင့်သုံးဖို့ လိုအပ်နေတာဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ အလုပ်သမားတွေနဲ့ ၎င်းတို့မိသားစုတွေရဲ့ အခြေခံလိုအပ်ချက်တွေပြည့်မီစေဖို့၊ အလုပ်သမားတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ဖို့နဲ့ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေဖို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူတွေကို ဖိတ်ခေါ်နိုင်ဖို့၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာရေးကို အထောက်အကူပြုနိုင်ဖို့ စတာတွေအတွက် ဆောင်ရွက်လိုတာဖြစ်ပြီး အလုပ်ရှင်တွေက အလုပ်သမားတွေကို မမျှတတဲ့ (သို့မဟုတ်) အလွန်နည်းပါးတဲ့ လုပ်အားခပေးခြင်းမှ အကာအကွယ်ပေးနိုင်ဖို့အတွက် သတ်မှတ်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဥပဒေနဲ့ညီညွတ်တဲ့ အနည်းဆုံးအခကြေးငွေတစ်ရပ် သတ်မှတ်ပေးခြင်းဟာ အလုပ်ရှင်နဲ့ အလုပ်သမားတွေအတွက် ဂုဏ်သိက္ခာရှိတဲ့ လုပ်ငန်းပတ်ဝန်းကျင်တစ်ခု တည်ဆောက်ပေးခြင်းဖြစ်တယ်လို့ ဂုဏ်ပြုအလေးထားရမှာဖြစ်ပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ကိုက်ညီတဲ့ အလုပ်သမားတွေရဲ့ လူမှုဘဝတွေကို တည်ဆောက်နိုင်ဖို့နဲ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း အနည်းဆုံးအခကြေးငွေကို သတ်မှတ်ထုတ်ပြန်ဆောင်ရွက်နေကြတာပဲဖြစ်ပါတယ်။

အခုသတ်မှတ်လိုက်တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထားကတော့ အလုပ်သမားတွေ အမှန်တကယ်လိုအပ်နေတဲ့ လုပ်ခလစာကို ရခဲ့တယ်လို့ မဆိုနိုင်သေးပါဘူး။ ယနေ့ နိုင်ငံတော်မှာ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့နေရပြီး ကုန်ဈေးနှုန်းတွေ မြင့်တက်နေတာတွေ၊ နေထိုင်တဲ့အိမ်ရာနဲ့ အဆောက်တွေရဲ့ ငှားရမ်းခကြီးမြင့်နေတာတွေက အလုပ်သမားတွေအတွက် စိန်ခေါ်မှုတွေဖြစ်နေပြီး မိသားစုရှင်သန်ရပ်တည်နိုင်ဖို့ ကြိုးစားရုန်းကန်နေရဆဲ အခြေအနေဖြစ်နေပါတယ်။ ဒါပေမယ့်လည်း ယခင်ကရရှိနေတဲ့ အခြေခံလစာနှုန်းထားထက် မြင့်မားရရှိလာတာကိုတော့ အသိအမှတ်ပြုကျေးဇူးတင်ရမှာဖြစ်ပါတယ်။

တစ်ဖက်ကအလုပ်ရှင်တွေမှာလည်း လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ မပြည့်စုံသေးတဲ့ကိစ္စ၊ လျှပ်စစ်မီး ပုံမှန်ရရှိရေးကိစ္စ၊ မြေငှားရမ်းခကိစ္စ၊ ငွေလဲလှယ်နှုန်းမတည်ငြိမ်တဲ့ကိစ္စ၊ နည်းပညာနဲ့ ငွေကြေးအားနည်းတဲ့ ကိစ္စတွေအပြင် ကျွမ်းကျင်လုပ်သားတွေ ရှားပါးမှုကိစ္စတွေကလည်း စိန်ခေါ်မှုတွေဖြစ်နေပါတယ်။ အခုလို အနည်းဆုံးအခကြေးငွေတစ်ရပ်ကို သတ်မှတ်လိုက်တဲ့အတွက် တစ်ဆင့်ခံလက်ခစား လုပ်ငန်းရှင်တွေ၊ ပြည်တွင်း အသေးစားစီးပွားရေးလုပ်ငန်းရှင်တွေအတွက်ကတော့ အမှန်ပဲအခက်အခဲတွေ ဖြစ်နိုင်ပါတယ်။ ဒါကိုလည်း နိုင်ငံတော်က အလုပ်ရှင်တွေရဲ့ အခက်အခဲတွေအပေါ်မှာ နားလည်သဘောပေါက်ပြီး ထိထိရောက်ရောက် ဝိုင်းဝန်းကူညီဖေးမပေးဖို့ လိုအပ်ပါတယ်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတစ်ခုတည်းက မဆောင်ရွက်နိုင်တဲ့ ကိစ္စတွေလည်းရှိတော့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေက ပါဝင်ကူညီလာဖို့ကိုလည်း တွန်းအားပေးစေချင်ပါတယ်။ အမှန်တကယ်အခြေအနေမပေးတဲ့ ငွေကြေးမတတ်နိုင်တဲ့ စက်ရုံ၊ အလုပ်ရုံတွေက လုပ်ငန်းပိတ်သိမ်းတာတွေ၊ အလုပ်သမားအင်အားလျှော့ချတာတွေရှိလာနိုင်လို့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ၊ အလုပ်သမားအဖွဲ့အစည်းတွေကလည်း အလုပ်သမားတွေကို ကူညီပေးနိုင်ဖို့ ကြိုတင်စဉ်းစားပြီး ပြင်ဆင်ထားစေချင်ပါတယ်။ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကိစ္စမှာ အလုပ်ရှင်တွေရဲ့ ပူးပေါင်းပါဝင်လာမှုအပေါ်မှာလည်း အသိအမှတ်ပြုကြဖို့ လိုပါတယ်။ အလုပ်ရှင်တွေရဲ့ လုပ်ငန်းတွေတည်မြဲမှ အလုပ်သမားတွေရဲ့ အလုပ်အကိုင်တွေတည်မြဲမှာဖြစ်ပြီး နိုင်ငံတော်ရဲ့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်မှာဖြစ်တယ်ဆိုတာကိုလည်း ဂရုပြုကြဖို့လိုပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ပြတ်ပြတ်သားသားဆုံးဖြတ်ပြီး အများစုကလည်း လက်ခံနိုင်မယ့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးခဲ့တာကို နိုင်ငံတကာကချီးကျူးခဲ့တာတွေကိုလည်း တွေ့ရပါတယ်။ ဒါကလည်း အကောင်းဘက်ကို ရှေးရှုတာပဲဖြစ်ပါတယ်။ နိုင်ငံတကာကလုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေရဲ့ အားပေးမှုကလည်း နိုင်ငံတော်ရဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ များစွာအထောက်အကူဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဒီလိုမျှော်လင့်သလို မိမိဘက်ကလည်း အလုပ်သမားတွေရဲ့ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိမယ့်ကိစ္စ၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ပြီး တည်ငြိမ်အေးချမ်းသာယာမှုရှိရမယ့် ကိစ္စတွေကတော့ ကြိုတင်ပြင်ဆင်ရမှာပဲဖြစ်ပါတယ်။

အခုဆိုရင် အနည်းဆုံးအခကြေးငွေ သတ်မှတ်လိုက်ပြီဖြစ်လို့ အလုပ်ရှင်တွေဟာ မိမိတို့ရဲ့ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် ကြိုးစားအားထုတ်မှုနဲ့ စီမံခန့်ခွဲမှု (Management)စတဲ့ အပိုင်းတွေမှာ ပိုမိုအရေးကြီးလာပြီး အလေးထားလုပ်ဆောင်ရတော့မှာဖြစ်ပါတယ်။ လုပ်ငန်းအမှာစာတွေပိုမိုရရှိပြီး မိမိရဲ့ထုတ်လုပ်တဲ့ပစ္စည်းက ဈေးကွက်ဝင်အောင် တစ်ဖက်ကဆောင်ရွက်သလို ဝင်ငွေနဲ့အသုံးစရိတ်တို့မျှတအောင်၊ ကုန်ထုတ်စွမ်းအားတိုးတက်လာအောင် ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်။ မိမိတို့ရဲ့လုပ်ငန်းတွေ ရေရှည်ရပ်တည်လည်ပတ်နိုင်ဖို့နဲ့ ကုန်ထုတ်စွမ်းအားတိုးတက်ဖို့ကတော့ အလုပ်သမားတွေကိုလည်း နားလည်သဘောပေါက်အောင် မိသားစုစိတ်ဓာတ်နဲ့ စည်းရုံးပြောပြဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုးတွေကို ပြုလုပ်စေချင်ပါတယ်။

အလုပ်သမားတွေကိုလည်း မေတ္တာရပ်ခံချင်တာက အနည်းဆုံးအခကြေးငွေကို သတ်မှတ်ထားပြီးဖြစ်လို့ လုပ်သားဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာတော့မှာဖြစ်ပါတယ်။ အလုပ်အပေါ် စိတ်ဝင်စားပြီး ကြိုးစားဆောင်ရွက်သူတွေ၊ လုပ်ငန်းကျွမ်းကျင်မှုရှိသူတွေအတွက် ကောင်းမွန်တဲ့လုပ်ငန်းနယ်ပယ်တစ်ခုဖြစ်လာမှာဖြစ်သလို မိမိရဲ့အလုပ်အပေါ်မှာ ကြိုးစားအားထုတ်မှုမရှိတဲ့သူတွေ၊ လုပ်ငန်းခွင် စည်းကမ်းမလိုက်နာတဲ့သူတွေကတော့ အလုပ်တည်မြဲဖို့ဆိုတဲ့ ကိစ္စရပ်တွေမှာ အနှေးနဲ့အမြန် ပြဿနာရှိလာတော့မှာဖြစ်ပါတယ်။

အခုသတ်မှတ်လိုက်တဲ့ အနည်းဆုံးအခကြေးငွေဆိုတာကလည်း အမြဲတမ်းဒီနှုန်းထားအတိုင်းရှိနေမှာ မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေတွေ၊ ကုန်ထုတ်စွမ်းအားတိုးတက်မှုနဲ့ အလုပ်ရှင်နဲ့အလုပ်သမားတွေရဲ့ လိုအပ်ချက်တွေအပေါ်မူတည်ပြီး ပြောင်းလဲနေမှာဖြစ်ပါတယ်။ ဥပဒေအရလည်း ဆောင်ရွက်နိုင်မှာမို့လို အလုပ်ရှင်နဲ့အလုပ်သမားအဖွဲ့အစည်းတွေ ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး မိသားစုအသွင်နဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ တစ်ဦးရဲ့အခက်အခဲကို တစ်ဦးက စာနာနားလည်ပြီး အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ကြမယ်ဆိုရင် အနည်းဆုံးအခကြေးငွေ ကိစ္စများသာမက လုပ်ငန်းခွင်အေးချမ်းပြီး အလုပ်ရှင်နဲ့အလုပ်သမားကြားမှာရှိတဲ့ ပြဿနာတွေလည်း တဖြည်းဖြည်းနဲ့ လျော့နည်းလာမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အဓိကတင်ပြလိုတဲ့အချက်ကတော့ အခုသတ်မှတ်ပေးလိုက်တဲ့ အနည်းဆုံးအခကြေးငွေကြောင့် အခက်အခဲတချို့ဖြစ်ပေါ်နေတဲ့အချိန်မှာ အလုပ်ရှင်နဲ့အလုပ်သမားတွေက ကိုယ်ချင်းစာတရားနဲ့ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးတဲ့နည်းနဲ့ ကျွန်တော်တို့နိုင်ငံမှာ နှစ်ကာလများစွာကြာမှ ပြန်လည်ပေါ်ပေါက်လာတဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်တဲ့အပေါ်မှာ ရေရှည်တည်တံ့ခိုင်မြဲစေဖို့ အပြုသဘောနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေချင်တာပဲဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ အနည်းဆုံးအခကြေးငွေတစ်ရပ် ပေါ်ပေါက်လာအောင် သတ်မှတ်ပေးခဲ့တဲ့အပေါ်မှာ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုက်ပါတယ်။

**အခုသတ်မှတ်လိုက်တဲ့ အနည်းဆုံးအခကြေးငွေနှုန်းထားကတော့ အလုပ်သမားတွေ အမှန်တကယ်လိုအပ်နေတဲ့ လုပ်ခလစာကို ရခဲ့တယ်လို့ မဆိုနိုင်သေးပါဘူး။ ယနေ့ နိုင်ငံတော်မှာ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့နေရပြီး ကုန်ဈေးနှုန်းတွေ မြင့်တက်နေတာတွေ၊ နေထိုင်တဲ့အိမ်ရာနဲ့ အဆောက်တွေရဲ့ ငှားရမ်းခကြီးမြင့်နေတာတွေက အလုပ်သမားတွေအတွက် စိန်ခေါ်မှုတွေဖြစ်နေပြီး မိသားစုရှင်သန်ရပ်တည်နိုင်ဖို့ ကြိုးစားရုန်းကန်နေရဆဲ အခြေအနေဖြစ်နေပါတယ်။**




## နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားဖြင့် ထုတ်လွှင့်သွားမည်

**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV News Channel) မှ နားမကြားသူများအတွက် လက်သင်္ကေတပြဘာသာစကားဖြင့် စက်တင်ဘာ ၁ ရက် ည ၈ နာရီ ပြည်တွင်းသတင်းမှစတင်၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လယ်/ဆည်ဒုဝန်ကြီးနှင့် တရုတ်ပညာရှင်များ ညောင်တုန်းမြို့ မြို့ပတ်တာ ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဩဂုတ် ၃၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့သည် ညောင်တုန်းမြို့ မြို့ပတ်တာအား နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ရေရှည်ခိုင်ခံ့စေရေးအတွက် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရန် ဩဂုတ် ၂၉ ရက် နံနက်က လမ်း(၃၀)နှင့် (၁၂)လမ်းတာတမံများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ကြသည်။

အဆိုပါ နေရာများသည် ဩဂုတ်လဆန်းပိုင်းက ဧရာဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေတို့ မြို့၏စိုးရိမ်ရေအမှတ်ကျော်ပြီး အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် နေရာများဖြစ်သည်။ နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် စိုးရိမ်နေရသည့် ညောင်တုန်းမြို့ မြို့ပတ်တာအား ရေဘေးမှကင်းဝေးစေရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက မကြာမီကာလအတွင်း အမြန်ဆုံးပြုပြင်မွမ်းမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၇၆)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး စက်ချုပ်သင်တန်းဖွင့်

**ကျောက်တန်း ဩဂုတ် ၃၁**

ကျေးလက်နေအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်လက်မဲ့နှုန်းလျော့နည်းစေရေးတို့အတွက်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် စက်ချုပ်ပညာသင်တန်းကို ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာ Learning Center ၌ ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသူ ၅၀ တက်ရောက်ပြီး အဆိုပါသင်တန်းတွင် သင်ကြားပို့ချနေမှုများကို ဩဂုတ် ၂၆ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင်ကျေးလက်)**

## တရားမဝင်တင်ဆောင်လာသော ထင်းရှူးသစ်တုံးများ သိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၃၁**

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး တရားမဝင်ကုန်ပစ္စည်းများ ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး စစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီက ဒိုင်နာအဖြူရောင်ယာဉ်အမှတ် 4G/. . . . ယာဉ်ပေါ်တွင် မိုးကာဖြင့်ဖုံးအုပ်၍တင်ဆောင်လာသည့် ထင်းရှူးသစ်တုံးများအား တရားမဝင်တင်ဆောင်လာကြောင်း ရှာဖွေတွေ့ရှိရသဖြင့် သိမ်းဆည်းကာ မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**



## အဒဲလ်၏တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

အမေရိကန်ပေါ့ပ်အဆိုတော် အဒဲလ်၏ တစ်ကိုယ်တော်စတူဒီယိုတေးအယ်လ်ဘမ်သစ် "25"ကို ယခုနှစ် နိုဝင်ဘာလအတွင်း ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ကြောင်း US Weeklyသတင်းစာက ဖော်ပြခဲ့သည်။

အဆိုပါတေးအယ်လ်ဘမ်ကို တေးထုတ်လုပ်သူနှင့် တေးရေးဆရာများဖြစ်ကြသည့် မက်ဇ်မာတင်နှင့် ဒိန်းဂျားမောက်စ်တို့နှင့်အတူ ဖန်တီးခဲ့ပြီးယင်းအယ်လ်ဘမ်သည် သူ၏ တတိယမြောက်တေးအယ်လ်ဘမ်လည်း ဖြစ်သည်။

အဒဲလ်သည် ဂရမ်မီဆုဆယ်ဆုကို ပိုင်ဆိုင်ခွင့် ရရှိထားသော အောင်မြင်သည့် အဆိုတော်တစ်ဦးလည်းဖြစ်သည်။

အေးပြည့် - စုစည်းသည်။

## ဒစ်စနေလန်းကို သွားရောက်လည်ပတ်ခဲ့တဲ့ ဘက်ခမ်းမိသားစု

ဟောလိဝုဒ်မှာ စံပြမိသားစုတစ်ခုဖြစ်တဲ့ မန်ချက်စတာယူနိုက်တက် ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းနဲ့ ဇနီးဖြစ်သူ ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းတို့မိသားစုဟာ မိသားစုဝင်စုံစုံလင်လင်နဲ့ ဒစ်စနေလန်းအပန်းဖြေကစားကွင်းကို သွားရောက်လည်ပတ်ခဲ့ပါတယ်။

ဒစ်စနေလန်းကို အလည်ထွက်လာတဲ့အချိန်မှာ ဒေးဗစ်ဘက်ခမ်းနဲ့ ဗစ်တိုးရီးယားအပြင် ရင်သွေးလေးများဖြစ်ကြတဲ့ အသက် (၁၆)နှစ်အရွယ် သားကြီး ဘရွတ်ကလင်န်နဲ့ (၁၂)နှစ်အရွယ် ရိုမီယို၊ (၁၀)နှစ်အရွယ် သားငယ် ကာ့ဇ်နဲ့ (၄)နှစ်အရွယ်သမီးလေး ဟာပါတို့ဟာ ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်မှုဒီဇိုင်းတွေနဲ့ လှပနေခဲ့ပါတယ်။

မိခင်ဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းဟာ ဖက်ရှင်လုပ်ငန်းမှာအောင်မြင်နေသကဲ့သို့ ဒုတိယသားဖြစ်တဲ့ ရိုမီယိုကလည်း Burberry မော်ဒယ်တစ်ဦးအဖြစ်အနုပညာလမ်းကြောင်းပေါ် တက်လှမ်းခဲ့ပြီး မီဒီယာများက သူတို့မိသားစုကို ဟောလိဝုဒ်ရဲ့ ဖက်ရှင်မိသားစုလို့ ညွှန်းဆိုကြပါတယ်။



## တစ်နှစ်ပြည့်နှစ်ပတ်လည်နဲ့ အောက်မေ့ခြင်း အမှတ်တရသီချင်းနှစ်ပုဒ်

ပြီးခဲ့တဲ့နှစ်က ယာဉ်မတော်တဆမှု ကြောင့် သေဆုံးသွားခဲ့တဲ့ တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်အဆိုတော် နှစ်ဦးဖြစ်တဲ့ ယွန်းဘီနဲ့ ရီဆေးတို့ရဲ့ ကွယ်လွန်ခြင်းတစ်နှစ်ပြည့်အတွက် အမှတ်တရသီချင်းနှစ်ပုဒ်ကို ထုတ်လွှင့်သွားရန်စီစဉ်ထားကြောင်း သူတို့ရဲ့ အေဂျင်စီ "Polaris Entertainment" က ထုတ်ဖော်ပြောကြားခဲ့တယ်လို့ စတားနယူးစ်သတင်းစာက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့သည့်နှစ်က ဖြစ်ပွားခဲ့တဲ့ ထိတ်လန့်ဖွယ်ယာဉ်မတော်တဆမှုမှာ "Ladies' Code's"အဖွဲ့ဝင်နှစ်ဦးဖြစ် တဲ့ သူတို့နှစ်ဦးသေဆုံးခဲ့တာဖြစ်ပါတယ်။ ယွန်းဘီက စက်တင်ဘာ ၃ ရက်မှာ ကွယ်လွန်ခဲ့ပြီး ရီဆေးကတော့ စက်တင်ဘာ ၇ရက်မှာ ဆုံးပါးသွားခဲ့တာပါ။ ဒါကြောင့်သူတို့အတွက် အမှတ်တရ ရေးစပ်ထားတဲ့သီချင်းနှစ်ပုဒ်ကို တစ်ဦးချင်းစီရဲ့ သေဆုံးသွားခဲ့တဲ့နေ့မှာ စတင်ထုတ်လွှင့် ပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပခဲ့တဲ့ အဖွဲ့ရဲ့ အမှတ်တရ ဖျော်ဖြေပွဲမှာ ကျန်အဖွဲ့ဝင်တွေ သီဆို ဖျော်ဖြေခဲ့တဲ့ "Smile Even If It Hurts" သီချင်းကိုလည်း အမှတ်တရ သီချင်း အဖြစ်ထုတ်လွှင့်ပေးသွားမှာ ဖြစ်ကြောင်း သိရပါတယ်။

■

# လာရာလမ်းသို့ ပြန်ခဲ့သည့် သားငယ်ကျန်ခဲ့ပြီ

ပြည့်စုံအောင်

**ယမန်နေ့မှအဆက်**

"ဒီတော ဒီမြေပြင်အနေအထားနဲ့ ပစ်ကွင်းက မကောင်းဘူး။ အမိန့်တော့စောင့်ရမယ်။ လူကို အန္တရာယ်ပြုရင်တော့ ပစ်ရမှာပဲလေ"ဟု မေ့ဆေးသေနတ်ကိုင်ထားသူ ဆင်ဦးစီးက ပြောပြပြန်သည်။

"ကျွန်တော်တို့ ဆင်ပစ်ရာမှာလေ့လာရတယ်။ ဒီကောင်တွေ ကျည်မှန်ရင် ချက်ချင်းမမေ့ဘူး။ နာရီဝက်တစ်နာရီလောက် လျှောက်ပြေးတယ်။ မူးသွားပြီ ဆိုပါတော့ တွေ့ရာပြေးပြီး လျှိုတွေကရှိတော့ အောက်လည်းပြုတ်ကျနိုင်တယ်။ နောက်ရွာတွေနဲ့နီးရင် တွေ့သမျှရန်ပြုမယ်။ ပြုတ်ကျရင်လည် ကျိုးကန်းမှာ ဆိုးရသေးတယ်လေ။ နောက်လဲနေတဲ့နေရာကနေ ပြန်သယ်ဖို့ ကလည်းချိန်ဆရတယ်" ဟု ရှင်းပြသည်။ ဆင်ရိုင်းများအားဆင်ယဉ် များနှင့် ထိန်းခေါ်ပြီး ခြောက်မောင်းရန် စီစဉ်နေသော်လည်း အချိန်အရ ညနေစောင်းသို့ရောက်နေပြီဖြစ်သည်။ "တွေ့လား ဆင်မကြီးက ရှေ့က ဦးဆောင်သွားနေတယ်။ နောက်က ဟိုင်းဆင်။ ဆင်အသေးလေးကအထီးထင်တယ်။ အထီး သုံးကောင် အစ်မနှစ်ကောင်ဗျ။ အကြီးဆုံးအကောင်ကြည့်ရတာ အသက် ၄၀ လောက်ရှိပြီခိုင်းလို့ကောင်းတဲ့အရွယ်"ဟု ဆင်ဦးစီးကပြောပြလေသည်။

ကျွန်တော်တို့အဖွဲ့သည် ဆင်များဦးတည်ရာလိုက်ရင်းလက်ရှိအခြေအနေ၊ ရောက်နေသည့်နေရာ၊ မည်သို့ဆက်လက်လုပ်ဆောင်ရမည်များကို နောက်တန်းရှိ တာဝန်ရှိသူများထံ အချိန်နှင့်အမျှ သတင်းတင်ပြရပြန်သည်။ ဆင်များသည် သွားရာလမ်းတစ်လျှောက်ပြောင်းခင်းများ၊ အပင်များ အား စားသောက်သွားရာနောက်သို့ လိုက်ရင်း "ကဲကျုပ်တို့ ဒီအနေအထားအတိုင်း ဒီနေ့ဘာမှတော့ မလုပ်နိုင်တော့ဘူး။ မှောင်လည်း မှောင်တော့မယ်။ အမှောင်ထဲလျှောက် လိုက်ရင် အန္တရာယ်ပိုများတယ်။ မနက်ဖြန်ဒီနေရာကနေ ပြန်ဦးတည်ပြီး လိုက်ရမှာပဲ" ဟု ပြောရင်းဆင်များရှိရာ နောက်ဆုံးလျှိုမှ ပြန်ခဲ့ရလေသည်။

နောက်ဆုံးဆင်များရှိရာ နေရာသည်ကား ပျဉ်းမကန်လမ်းခွဲနှင့် နှစ်ဖာလုံအကွာတွင် ဖြစ်ပြီး မနက်ဖြန်တွင် မည်သို့ စီစဉ်မည်ဆိုသည်ကိုမူ မသိရသေးပေ။ လမ်းနှင့်နီးပြီး ရွာနှင့်နီးသောကြောင့် ညရေးညတာ သတိ ဝီရိယနှင့်နေကြရန်သာပြောရင်း "ဒီကောင်တွေ သေချာပေါက်ညထွက်လိမ့်မယ်။ ဒီကောင်တွေ လမ်းပျောက်နေသလိုကျန်ခဲ့တဲ့ အကောင်အသေးကိုလည်း လိုက်ရှာနေတာဖြစ်မယ်" ဟု ဆင်ဦးစီးမှ ပြောရင်း "တွေ့တယ်မဟုတ်လားဆင်ခြေရာသာတွေ့ပါစေ ပြေးမလွတ်ပါဘူးဗျာ"ဟု။

❖ ❖ ❖

မနေ့ကဆင်ဦးစီးပြောသောစကားကမှန်နေပြန်သည်။

"ဒီကောင်တွေသေချာပေါက်ညထွက်လိမ့်မယ်။ ဒီကောင်တွေ လမ်းပျောက်နေသလိုကျန်ခဲ့တဲ့ အကောင်ကိုလည်း လိုက်ရှာနေတာ ဖြစ်မယ်" ဟု ဆင်များအား ထိန်းကျောင်းနေရသူ ပုသိမ်မှဆင်အုပ် ကဆိုသည်။

တောဆင်ရိုင်းများ နောက်ဆုံးရှိရာနေရာသည် ညောင်ဦးဘက်အထွက်လမ်း ပျဉ်းမကန်လမ်းခွဲနှင့် နှစ်ဖာလုံအကွာတွင်ဖြစ်ပြီး ယနေ့မနက်တွင်နေရာပြောင်းသွားကြပြန်သည်။


တောဆင်ရိုင်းများပျောက်ဆုံးသွားပြန်၍ ဆင်ဦးစီးအဖွဲ့သည်လည်း နောက်ဆုံးနေရာမှ ခြေရာခံလိုက်ရပြန်သလို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပုပ္ပားတောင်ချစ်သူမြို့ခံအဖွဲ့သည်လည်း နီးစပ်ရာရွာများသို့ ဆက်သွယ်စုံစမ်းရလေသည်။

မနက်စနာရီလောက်တွင်"ဆင်ငါးကောင်ရွာနားကဖြတ်သွားတာမြင်တယ်။ ရွာဘက်လာမှာဆိုးလို့ မောင်းထုတ်လိုက်တာ တောင်ဘက်ပြေးပြီ" ဆိုသော သတင်းကိုစံပြရွာအုပ်ချုပ်ရေးမှူးထံမှ ဖုန်းသတင်းကနဦးဝင်လာလေသည်။ ဆင်ဦးစီးပြောခဲ့သောစကားမှန်ချေပြန်သည်-

"ဒီကောင်တွေ ဒီတစ်ညစောင့်ကြည့်လိုက်။ သူတို့ကလေးငယ်ပျောက်တဲ့လမ်းကြောင်းအတိုင်းပြန်လှည့်ရင်တော့ ပျောက်နေတဲ့ဆင်ပေါက်စကို လိုက်ရှာနေတာပဲ။ ဒါမှမဟုတ် ဒီညထွက်လို့ လမ်းကြောင်းဟာ လာရာလမ်းကိုပြန်လှည့်ရင်တော့ ဆင်ပေါက်စကို သံယောဇဉ်ဖြတ်ပြီး အပြန်လမ်းပျောက်လို့ရှာနေတာဖြစ်မယ်" ဟု ဆင်ဦးစီးကဆိုခဲ့လေသည်။

တောဆင်ရိုင်းများအား ယနေ့ပြန်တွေ့ခဲ့သောနေရာသည်ကား နတ်မောက်ဘက်သို့ထွက်သော လမ်းကြောင်းဖြစ်သဖြင့် သေချာပေါက် ဆင်ပေါက်စလေးကို သံယောဇဉ်ဖြတ်ကာ မိမိတို့လာရာလမ်းကို ပြန်နေသည်မှာ အမှန်ဖြစ်နေလေသည်။

"ဆင်ရဲ့သဘောက ဒီလိုရှိတယ်ဗျ။ သူတို့က အုံနဲ့ကျင်းနဲ့နေတယ်လေ။ သူတို့ ဒီဆင်အုပ်မှာ ပထမဆုံးသားထိန်းဆင်ရှိတယ်။ ဆင်မကြီးပါမယ်။ အဲဒီ သားထိန်းဆင်ကြီးက ကျန်တဲ့ဆင်တွေကို အုပ်ချုပ်ကာကွယ်ပေးထားတာလေ" ဟု ဆင်ဦးစီးတစ်ဦးက ပြောပြပြန်သည်။



ကျွန်တော်နဲ့အတူ ပုပ္ပားတောင်ချစ်သူမြို့ခံအဖွဲ့သည် နောက်ဆုံးတောဆင်ရိုင်းများအား တွေ့လိုက်သည်ဆိုသော စံပြရွာဘက်သို့ ဒုတိယနေ့ ခရီးစဉ်အဖြစ်လိုက်လံရှာဖွေ ရပြန်သည်။

"ဆင်ကြီး ငါးကောင် ကျွန်တော့်လယ်ကွင်းထဲ အရောက်ဖြတ်သွားတယ်။ ကျွန်တော်လည်း ကြောက်တာနဲ့ ရွာပြန်ပြေးပြီးပြောတော့ ရွာထဲက လူတွေထွက်လာပြီး အသံပေးခြောက်လှန့်လိုက်တော့ သူတို့ ဟိုဘက်ထွက်ပြေးသွားတယ်။ ကျွန်တော်တို့ ရွာခံလေးငါးယောက် အနောက်ကလိုက်ကြည့်တာ လွင်ပြင်ကုန်းရွာ အနောက်ဘက်ကကျောက်ပေါက်ကုန်းရိုးတောထဲမှာ ပျောက်သွားတယ်လေ" ဟု မျက်မြင်တွေ့ရှိလိုက်သောရွာသားတစ်ဦးက ပြောပြသည်။

ကျွန်တော်နှင့်အတူ ပုပ္ပားတောင်ချစ်သူအဖွဲ့က ဆင်များ ပုန်းလျှိုနေသောကြောင့် နယ်မြေအနေအထား၊ လျှိုအကျယ်အဝန်းအနေအထားများအား ဒေသခံများထံ စုံစမ်းမေးမြန်းရပြန်သည်။ ပထမနေ့က တောဆင်ရိုင်းများအနောက်သို့ ကနဦးလိုက်လံရှာဖွေစဉ်က ဆင်ဦးစီးများရဲ့ ပြောပြသော ဆင်များပုန်းလျှိုတတ်သော သဘောသဘာဝများကို တီးမိခေါက်မိခြင်းဟာ ဒုတိယနေ့အတွက် အဖိုးတန်မှုတစ်ခုပင် ဖြစ်သည်။

"ဒါဆိုရင်တော့ ဒီလျှိုထဲမှာသေချာပြီ။ လျှိုထဲကိုဘယ်သူမှ မဆင်းပါနဲ့။ ဆင်ကြီးတွေမြင်ချင်လို့ဆိုပြီး ဘယ်သူမှ အရဲမကိုးပါနဲ့။ သေချာပေါက် ကျွန်တော်တို့ မျက်မြင်တွေ့ချင်လို့ အနီးစပ်ဆုံး ချုံတိုးနေတဲ့နေရာကိုတော့ လမ်းကျွမ်းကျင်သူ ရွာခံတစ်ဦးရယ်၊ စခန်းမှူးရယ်၊ သေနတ်ပါတဲ့ ရဲတစ်ယောက်ရယ်၊ ဒေသခံအုပ်ချုပ်ရေးမှူးရယ်၊ ကျွန်တော်တို့ထဲက တစ်ယောက်နဲ့ အသံကြားရာကို ချဉ်းကပ်ချင်ပါတယ်"ဟု သေချာသိရှိနိုင်ရန်အတွက် ကနဦးစွန့်စားရလေသည်။ နားမှာတော့ မနေ့က ဆင်ဦးစီးပြောသောစကားကြားယောင်နေမိသည်။ "ဆင်တွေဟာ မျက်လုံးအမြင်အာရုံနည်းသလောက် အနံ့အာရုံဟာ အလွန်ကောင်းတယ်။ သူတို့ စိတ်မချရတဲ့ အရပ်ဒေသဆို အကြာကြီးမနေဘူး၊ ခဏလောက်နားပြီး ပြန်ထွက်သွားတယ်။ တစ်ခါတစ်ခါ နှစ်နာရီ သုံးနာရီလောက် မလှုပ်ဘဲလည်း နေနိုင်တယ်။ သူတို့စိတ်ထဲမှာ ပတ်ဝန်းကျင်စိတ်ချရမှသာ နားရွက်လောက်သာ လှုပ်ပြီး အစာစားတဲ့သဘာဝရှိတယ်။ သူတို့နားကို ချဉ်းကပ်ဖို့ဆိုရင် လေကြောင်းအထက်က မချဉ်းကပ်ပါနဲ့။ လေအောက်ကသာ ချဉ်းကပ်ပါ။ အရဲမကိုးပါနဲ့။ ဆင်လိုက်ရင် ခွေးတောင်မလွတ်ဘူး" ဟု။

(ဆက်လက်ဖော်ပြပါမည်။)

## မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် စီဘီဘဏ် လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ် (ပြင်ဦးလွင်)၏တတိယနေ့ ပွဲစဉ်များကို ဩဂုတ် ၂၉ ရက် နံနက်က ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ နိုင်နိုင်လင်း (New Star)၊ လှမျိုး(Minzuno)နှင့် ဘိုဘို (HAN Golf Academy)တို့က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် (၂၁၄)ချက်ဖြင့်ပထမလိုက်နေကြပြီး အပျော်တမ်းအဆင့်အမျိုးသားပြိုင်ပွဲတွင် ကျော်သက်ဦးက စုစုပေါင်း ရိုက်ချက် (၂၁၆)ချက်ဖြင့်ပထမ၊ မောင်မဲက စုစုပေါင်း ရိုက်ချက် (၂၁၇)ချက်ဖြင့်ဒုတိယ၊ မောင်မောင်ဦးကစုစုပေါင်း ရိုက်ချက်(၂၂၁)ချက်ဖြင့်တတိယ ရရှိကာ အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက်(၁၅၀) ဖြင့်ပထမ၊ မေဦးခိုင်ကစုစုပေါင်းရိုက်ချက် (၁၅၁)ချက်ဖြင့်ဒုတိယ၊ အေးအေးအောင်က စုစုပေါင်း ရိုက်ချက်(၁၅၇)ချက် ဖြင့်တတိယ လိုက်နေကြသည်။

**ဖိုးသော်ဇင်**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်ဆန့်ကျင်**
**မူးယစ်ဆေး**

# ဂိုးသမားဂိုမီယိုကြောင့် မန်ယူရှုံးပွဲတွေ့



ဩဂုတ်၃၀ရက်ကယှဉ်ပြိုင်ခဲ့တဲ့ မန်ယူနဲ့ ဆွမ်ဆီးတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၄)မှာ မန်ယူဂိုးသမားရိုမီယိုရဲ့ပေါ့ဆမှုကြောင့် အဝေးကွင်းမှာဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့ပြီး ပရီမီယာလိဂ်ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ မန်ယူက ထုံးစံအတိုင်း ၄-၂-၃-၁ပုံစံနဲ့ပွဲထွက်လာပြီး ဆွမ်ဆီးကတော့ ၄-၄-၂ကစားကွက်နဲ့ ခင်းကျင်းကာ မန်ယူကို ရင်ဆိုင်ခဲ့ပါတယ်။

ပထမပိုင်းမှာ နှစ်သင်းလုံးဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းစပြီး ၅ မိနစ်မပြည့်ခင်မှာပဲ မာတာကဟာရဲရားနဲ့ ဒီပေးတို့ရဲ့ တွဲလုံးကနေတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့ပါတယ်။ ဒါပေမယ့် ဒီဦးဆောင်ဂိုးဟာကြာရှည်မခံခဲ့ဘဲ ပွဲချိန် ၆၁ မိနစ်နဲ့ ၆၆မိနစ်တွေမှာ ဆွမ်ဆီးရဲ့တိုက်စစ်အတွဲဖြစ်တဲ့ အေယူးနဲ့ ဂိုးမစ်တို့နှစ်ဦးက ချေပဂိုးနဲ့ဦးဆောင်ဂိုးတွေသွင်းခဲ့ကြလို့ မန်ယူအနေနဲ့ ဆွမ်ဆီးကိုနောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးကြိမ်မှာ လေးကြိမ်အထိ ရှုံးနိမ့်ခဲ့တဲ့မှတ်တမ်းဆိုးရခဲ့ရတာဖြစ်ပါတယ်။

မန်ယူအနေနဲ့ ဆွမ်ဆီးကို ရှုံးနိမ့်ခဲ့ပေမယ့် ခြေစွမ်းပိုင်းအသာရခဲ့သလို ဘောလုံးပိုင်ဆိုင်မှုလည်းအသာရခဲ့ပါတယ်။ ပွဲချိန် ၆၉မိနစ်မှာ ရှနိုက်ဒါလင်နဲ့ ဟာရဲရားတို့နေရာမှာ အက်ရှလေယန်းနဲ့ ဖယ်လ်လိုင်နီတို့လူစားဝင်လာခဲ့ပြီးနောက်ပိုင်းမန်ယူကစားကွက် ပိုမိုသွက်လာကာ ဂိုးရနိုင်မယ့်အခွင့်အရေးတွေအများကြီးရလာပေမယ့်လည်းဆွမ်ဆီးက အနိုင်ဂိုးကို ထိန်းဖို့အတွက် ခံစစ်ကိုပိတ်ဆို့ပြီးကစားခဲ့တာကြောင့် ချေပဂိုးတစ်ဂိုးမှတောင် ထပ်မသွင်းနိုင်ဘဲ ယခုနှစ်ပရီမီယာလိဂ် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် ဒုတိယဂိုးပေးလိုက်ရတာဟာ မန်ယူဂိုးသမားရိုမီယိုရဲ့အမှားကြောင့်ဖြစ်ပြီး ဒီပွဲအရှုံးကြောင့် မန်ယူဟာ အမှတ်ပေးဇယားအဆင့်(၅)နေရာအထိကျဆင်းသွားခဲ့ရပါတယ်။ ဆွမ်ဆီးနည်းပြ ဂယ်ရီမွန့်ကတော့ ပြီးခဲ့တဲ့နှစ်ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲလုံးမှာလည်း မန်ယူအသင်းကိုအနိုင်ရအောင်ကစားထားနိုင်ခဲ့တဲ့အတွက် ဒီနိုင်ပွဲမှာသူ့အတွက် သုံးကြိမ်မြောက်နိုင်ပွဲလည်းဖြစ်ခဲ့ပြီး ဗန်ဟားလ်ကိုအမြဲအသာရတဲ့မှတ်တမ်းသစ်ကိုလည်း ရေးထိုးနိုင်ခဲ့ပါတယ်။

မန်ယူတိုက်စစ်မှူးဝိန်းရွန်းနီဟာ ယခုပရီမီယာလိဂ်ပွဲလေးပွဲ ကစားပြီးတဲ့အထိ လိဂ်ဂိုးတစ်ဂိုးမျှမသွင်းနိုင်သေးတာကလည်း မန်ယူကိုပိုပြီးဖိအားဝင်စေမှာပါ။ ဒါပေမယ့်ဗန်ဟားကတော့သူ့အသင်းရဲ့ ကစားပုံဟာ ပွဲချိန် ၈၅ မိနစ်အထိ အကောင်းဆုံးပုံစံမှာ ရှိနေခဲ့တယ်လို့ကာကွယ်လိုက်ပါတယ်။

**ရှိုင်ယန်ဟောဒင်**

■

## ခြေစွမ်းမပြနိုင်သည့်မည်သည့်ကြယ်ပွင့်ကစားသမားကိုမဆိုရောင်းချရန်ဝန်လေးမည်မဟုတ်ဟုမော်ရင်ဟိုသတိပေး

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ခြေစွမ်းမပြနိုင်သော မည်သို့သောကစားသမားမျိုးကိုမဆို အသင်းမှ ရောင်းချရန်ဝန်လေးမည်မဟုတ်ဘဲ ကစားသမားသစ်များဖြင့်ခေါ်ယူအားအစားထိုးဖြည့်စွမ်းသွားမည်ဖြစ်ကြောင်း သတိပေးစကားပြောကြားခဲ့သည်။ချယ်လ်ဆီးသည်လက်ရှိတွင် ပရီမီယာလိဂ်၌ နိုင်ပွဲ တစ်ပွဲသာရရှိထားပြီး ရမှတ်လေးမှတ်ဖြင့်အမှတ်ပေးဇယားအဆင့်(၁၃)နေရာတွင်သာ ရပ်တည်နေရကာ ဇယားထိပ်ရှိမန်စီးတီးနှင့် ရှစ်မှတ်အထိကွာဟသွားခဲ့ပြီဖြစ်သည်။



ချယ်လ်ဆီး ယမန်နှစ် ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့စဉ်က ခြေစွမ်းပြသနိုင်ခဲ့သော ဟာဇက်၊ ဖာဘရီဂတ်စ်၊မာတစ်နှင့်အိုင်ဗန်နိုဗစ်တို့၏ခြေစွမ်းမှာ ကျဆင်းနေသော ကြောင့် မော်ရင်ဟိုမှာ စိတ်ပျက်နေခြင်းဖြစ်သည်။

ဟာဇက်မှာ ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် သာမန်ခြေစွမ်းအောက်ရောက်ရှိနေကာ ဖိအားအောက်ရောက်ရှိနေသည့်ပုံစံဖြင့် ရုန်းကန်နေရဆဲဖြစ်သည်။ မော်ရင်ဟိုက ပြီးခဲ့သည့်ဇူလိုင်လကပင် ဟာဇက်မှာ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုထက် ပိုမိုခြေစွမ်းကောင်းသူဖြစ်သည်ဟု ချီးကျူးခဲ့သေးသည်။

" ကစားသမားတစ်ယောက်ဟာ သက်ဆိုင်ရာ လိဂ်တစ်ခုမှာ အကောင်းဆုံးကစားသမားဆုကိုရတယ်ဆိုရင် ဒါဟာ နောက်နှစ်မှာလည်းသူ့ကို ဒီလိုခြေစွမ်းမျိုးဆက်ထိန်းနိုင်ဖို့ တွန်းအားပေးလိုက်တာပါပဲ။ ဒါပေမယ့်အသင်းရဲ့ ရလဒ်ပိုင်းအပေါ် တစ်ဦးတစ်ယောက်တည်းရဲ့ ခြေစွမ်းကြောင့်လို့ ကျွန်တော်ဘယ်တော့မှ ယိုးမယ်ဖွဲ့ပြီး အပြစ်ရှာနေမှာမဟုတ်ပါဘူး။ ဒါဟာ ကစားသမားအချို့ကြောင့် ဖြစ်လာတဲ့နောက်ဆက်တွဲရလဒ်တွေပေါ့။ ဘယ်ကစားသမားပဲဖြစ်ဖြစ် သုံးပွဲထက်ပိုပြီးခြေစွမ်းတွေဆိုးဆိုးရွားရွားဖြစ်နေမယ်ဆိုရင်တော့ ဒါဟာသည်းခံလို့ရတဲ့အတိုင်းအတာထက်ကျော် လွန်သွားပါပြီ။ဒါကြောင့် အရင်ကလိုပဲပုံမှန်ပွဲထွက်ခွင့်ပေးမှာလားဆိုရင်တော့ 'မပေးနိုင်ပါဘူး'လို့ပဲ ကျွန်တော်ပြောလိုက်မှာပါ ဟု မော်ရင်ဟိုကဆိုခဲ့သည်။

လက်ရှိတွင် မန်စီးတီးမှာ ယခုနှစ် နွေဈေးကွက်တွင် စတာလင်အတွက်ပေါင် ၄၉သန်း၊ ဒီဘရူနီအတွက်ပေါင် ၅၂သန်းနှင့် အော့တမန်ဒီအတွက် ၃၂သန်းအထိ အသုံးပြုကာ ခေါ်ယူခဲ့ရာ ချယ်လ်ဆီးမှာ မန်စီးတီးနှင့် ငွေကြေးအသုံးစရိတ်တွင် ယှဉ်နိုင်ခြင်းမရှိကြောင်း မော်ရင်ဟိုက ဝန်ခံခဲ့သည်။မန်စီးတီးမှာ ပြီးခဲ့သည့်နှစ်က အမှတ်ပေးဇယားဒုတိယနေရာဖြင့်သာကျေနပ်လိုက်ရသောကြောင့် ယခုနှစ်တွင်တစ်ကျော့ပြန်ချန်ပီယံဖြစ်ရေးအတွက် ပြန်လည်ကြိုးပမ်းနေသဖြင့် ချယ်လ်ဆီး၏အင်အားအကြီးဆုံးပြိုင်ဘက်ဖြစ်ကြောင်းလည်း မော်ရင်ဟိုက ထောက်ပြခဲ့သည်။

ချယ်လ်ဆီးသည် ပေါ့ဘာအတွက်ပေါင်သန်း ၇၀၊ ဂျွန်စတုန်းအားပေါင်သန်း ၄၀ နီးပါး အထိပေးချေကာ ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ပြောင်းအရွှေ့ကာလပိတ်သိမ်းသည်အထိထိုကိစ္စနှစ်ရပ်လုံးဖြစ်မြောက်နိုင်ဖွယ်မရှိပေ။

**မေလှဲ့သင်း**

# ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရှေ့လီစစ်ဆင်ရေး (၂) စီမံချက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက်နေ တူရှင်းချဲ့(ခ) မာဂမ်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၁၅ တုံး (ဘိန်းဖြူ အလေးချိန် ၅ ဒသမ ၂၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၉၁၅၀၊ ဘိန်းစိမ်း ၉ ဒသမ ၈ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၅ ရက်က လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စု နမ့်ဖွတ်ကျေးရွာနေ မနိုင်းမူး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၆၅ ပြားကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်က ကလေးမြို့နယ်မြေ (၁၀) ဗိုလ်အောင်ကျော်လမ်းပေါ်တွင် လားလ်တန်လောမ့်(ခ) လောတာ မောင်းနှင်လာသည့်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ (၁၅) နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ ပြားနှင့် လားလ်ထန်လောမ်း၏ အိပ်ခန်းအတွင်းမှ တစ်သောင်းကျပ်တန်ငွေစက္ကူအတု ၇၈ ရွက်တို့ကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ လားရှိုးသို့ စံပမောင်းနှင်ပြီး ထွန်းအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုည ဒသမ ၀၂၄ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား၄၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



တူရှင်းချဲ့(ခ) မာဂမ်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဝါးဖောင်မျှောသူချင်း စကားများကာ လူသတ်မှုဖြစ်

**အုတ်တွင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ဩဂုတ် ၂၈ ရက် ညနေ ၅ နာရီခွဲခန့်က တစ်ရွာတည်းနေ ဝါးဖောင်မျှောသူချင်း ထမင်းထုပ်ကိစ္စအား ကြားမှဝင်ရောက် ဖျန်ဖြေပြောဆိုရာမှ စကားများကာ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အုတ်တွင်းမြို့အနောက်ဘက် ကိုးမိုင်ကျော်ခန့်ကွာဝေးသော ကျောင်းရှစ်ဆယ်ကျေးရွာ ချောင်းနံဘေးတွင် အမျိုးသားတစ်ဦးဓားဒဏ်ရာဖြင့် လဲကျသေဆုံးနေကြောင်း သတင်းအရ မြို့မစခန်းမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ယင်းရွာနေ ရေခဲ(၂၆)နှစ်ဖြစ်ပြီး ၎င်းသည် တစ်ရွာတည်းနေကြသူများဖြစ်ကြသော ထွန်းဝင်း(၄၇)နှစ်နှင့် သားဖြစ်သူ ချစ်ကို(ခ)ငပွား (၂၂)နှစ်တို့နှင့်အတူ ပဲခူးရိုးမတောအတွင်းမှ ဝါးများကို ခုတ်ယူကာ ဖောင်ဖွဲ့၍ချောင်းအတိုင်းမျှောကာ ရွာသို့ပြန်လာခဲ့ကြသည်။

ကျောင်းရှစ်ဆယ်ရွာအရောက် ဝါးများအား ကမ်းပေါ်သို့ ဆွဲတင်နေချိန် ထွန်းဝင်းက ၎င်း၏ဇနီးဖြစ်သူအား ထမင်းထုပ်မထည့်ပေးရကောင်းလားဟု ဆိုကာ စကားများစဉ် ရေခဲက ထမင်းထုပ်ထည့်ပေးလိုက်ကြောင်း ဖျန်ဖြေပြောဆိုရာမှ စကားများရန်ဖြစ်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် ထွန်းဝင်း၏ သားဖြစ်သူ ချစ်ကို(ခ)ငပွားက ဓားဖြင့်ဝင်ရောက်ထိုးခဲ့၍ ရေခဲမှာ ရင်ဝ၌ ဓားထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် သေဆုံးခဲ့သဖြင့် အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရေထဲတွန်းချပြီး ကျောက်ခဲဖြင့်ထုကာ ခရီးဆောင်အိတ်အား ယူဆောင်သွားသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့ ထုံးအိုင်ရွာအရှေ့မြောက်ဘက်တွင် ဩဂုတ် ၂၈ ရက်က အမျိုးသမီးတစ်ဦးအား ရေထဲတွန်းချပြီး ကျောက်ခဲဖြင့်ထုကာ ခရီးဆောင်အိတ်ယူဆောင်သွားမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံမြို့ ကော့မူးရာရွာနှင့် ကော့တမလိန်ရွာကြား မြေနီလမ်းပေါ်ရှိ တံတားအုတ်ခုံပေါ်၌ တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ မသီတာ (၃၆)နှစ်သည် လွန်ခဲ့သော နှစ်လခန့်က ဖုန်းဖြင့်ဆက်သွယ်ချစ်ကြိုက်ခဲ့သည့် ဘားအံမြို့နယ် ဝါးဆူးကျေးရွာနေ စောထူး(ခ) ဖိုးကေ(၂၁)နှစ်ထံသို့ လာရောက်တွေ့ဆုံစဉ် ၎င်းမှ မသီတာအား ရေထဲတွန်းချပြီး ကျောက်ခဲဖြင့်ထုကာ မသီတာ၏ ခရီးဆောင်အိတ်ကို ယူဆောင်ထွက်ပြေးသွားခဲ့သည်။

ခရီးဆောင်အိတ်အတွင်း အဝတ်အစားများနှင့် အလေးချိန် နှစ်ပဲလေးရွေးရှိ ရွှေဖြင့်ပြုလုပ်ထားသည့် ကျောက်နီလက်စွပ်တစ်ကွင်း၊ အလေးချိန် ငါးပဲရှိ MC ရွှေဟန်းချိန်းတစ်ခု၊ အလေးချိန် ကိုးပဲရှိရွှေဆွဲကြိုး တစ်ကုံး၊ အလေးချိန် တစ်ပဲသုံးရွေးရှိ ရွှေကတ်တစ်ခုနှင့် Telenor ဆင်းကတ်သုံးခုတို့ လုယူသွားသူ စောထူး(ခ)ဖိုးကေအား အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် လိုက်လံဖမ်းဆီးပြီး ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# အုတ်ကျင်းဟောင်းအတွင်းကျပြီး ကလေးငယ်သုံးဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၃၁**

အုတ်စက်ရပ်ရှိ ဧရာဝတီမြစ်ဘေး ပေ ၅၀ခန့်အကွာတွင် အုတ်ကျင်းဟောင်းအတွင်း ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီခွဲက ကလေးငယ်သုံးဦး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၂ နာရီက စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက် အုတ်စက်ရပ်နေ မဖြူဖြူဝင်း(၁၅)နှစ်၊ မဖြူဖြူလင်း (၁၃)နှစ်နှင့် မောင်ကျော်စိုးမိုး(၁၀)နှစ်တို့ မောင်နှမသုံးဦးတို့သည် အုတ်စက်ရပ်ရှိ ဧရာဝတီမြစ်ဘေးတွင် ငါးမျှားနေသည့် အစ်ကိုဖြစ်သူ မောင်သီဟစိုး(၁၉)နှစ်ထံသို့ သွားရောက်ခဲ့ပြီး နေအိမ်သို့ပြန်လာစဉ် ကမ်းစပ်နှင့် ပေ၅၀ခန့်အကွာသို့အရောက် ယခင်က အုတ်ကျင်းပြုလုပ်ထားသည့် ကျင်းဟောင်းအတွင်းသို့ကျရာက ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**


## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၃၁

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ညောင်လေးပင်မြို့နှင့်ဖြူးမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၁၃ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၉၆ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။


# ကင်တာယာဉ်ဝင်တိုက်မိ၍ သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၆၆/၅-၆) ကြားတွင် ဩဂုတ် ၂၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သိရသည်။

တောင်ငူမှ မင်းကင်းသို့ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်နေ ဦးရှေးသ (၄၅)နှစ် မောင်းနှင်ပြီး အလုပ်သမား ၁၀ ဦး လိုက်ပါလာသည့် 3I/---- Bongo ယာဉ် မှာ လမ်းဘေးချရပ်ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသူများ ယာဉ်အောက်သို့ ဆင်း၍ နားနေစဉ် မန္တလေးမှ မုံရွာသို့ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ လိမ်ပင်ကွက်သစ်နေ ဝေထွန်း(၂၂) နှစ်မောင်းနှင်လာသည့် 7I/--- ကင်တာယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိသဖြင့် 3I/---- ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ပဲခူးတိုင်းဒေသကြီး သာဂရမြို့နယ် ညောင်ကိုင်းရွာနေ မောင်လွင် (၂၅) နှစ်၊ ဇရဲပေါက်ရွာနေ ပြည့်ဖြိုးသူ(၂၄) နှစ်နှင့် ရေတာရှည်မြို့နယ် ရေငန်းရွာနေ ကိုအေး (၄၆)နှစ်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဇရဲပေါက်ရွာနေ စိုးမင်း (၂၅) နှစ်နှင့် မင်းမင်း (၃၀)နှစ်တို့တွင် ဒဏ်ရာများအသီးသီး ရရှိခဲ့သဖြင့် ဝေထွန်းအား ချောင်းဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


မူးယစ်ကင်းစင်
အောင်ပွဲဆင်


# လမ်းအတက်တွင် ဂီယာထိုးစဉ် ဂီယာမဝင်ဘဲ နောက်ပြန်လိမ့်ပြီး ချောက်ထဲထိုးကျ

**နေပြည်တော် ဩဂုတ် ၃၁**

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ရိဒ်-ကလေးကားလမ်း မိုင်တိုင်အမှတ်(၂၁/၇)နှင့်(၂၂/၀)ကြားတွင် ဩဂုတ် ၂၇ ရက် ညနေ ၆ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရိဒ်မြို့ဘက်မှ တီးတိန်မြို့သို့ တီးတိန်မြို့နယ် တွီးထန်ကျေးရွာနေ ကျင်ခန့်မန် (၂၃)နှစ်မောင်းနှင်လာသော ဟိုင်မ္ဗာဂျစ်မိုးပြာရောင်ယာဉ်သည် လမ်းအတက်၌ ဂီယာထိုးစဉ် ဂီယာမဝင်ဘဲ နောက်ပြန်လိမ့်ကျ၍ လမ်းယာဘက် ပေ ၆၀ ခန့်အနက်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ရိဒ်မြို့ အမှတ် (၂) ရပ်ကွက်နေ ဒေါ်လာရွယ်အီး(၆၂)နှစ်နှင့် ကလေးဝမြို့နေ ဒေါ်ဟရန် လွန်ကီးမီး(၆၃)နှစ်တို့တွင် ဒဏ်ရာများရရှိကာ အခင်း ဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးလာလ်နူးဆန်းငါး(၃၂)နှစ် တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျင်ခန့်မန်အား တီးတိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-10:00-12:00am 14 Sep
Mon to Thurs-1:00-3:00pm 14 Sep
Sat & Sun - 9:00-12:00 am 19 Sep
Sat & Sun - 12:30-3:30 pm 19 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-1:00-3:00pm 21 Sep
MontoThurs 3:00-5:00-7:00pm 21 Sep
Pre-Intermediate English
Mon to Thurs-5:00-7:00 pm 7 Sep
Mon to Thurs-7:30-9:30 am 21 Sep
Mon to Thurs-10:00-12:00 am 21 Sep
Basic Writing Course
Mon to Thurs - 3:00-4:30 pm 28 Sep
Vocabulary Enrichment Course
Mon to Thurs - 3:30-5:00 pm 21 Sep

Grammar Foundation Course
Sat & Sun - 9:00-12:00am 5 Sep
Mon to Thurs - 1:00-2:30 pm 14 Sep
Mon to Thurs - 3:30-5:00 pm 14 Sep
Structure & Written Expression
Sat & Sun - 3:30-6:30pm 12 Sep
Mon to Thurs - 1:00-3:00 pm 14 Sep
Sat & Sun - 9:00-12:00am 26 Sep
Sat & Sun - 12:30-3:30 pm 10 Oct
Academic Preparation for IELTS
Mon to Thurs - 10:30 - 12:30am 21 Sep
SAT Mon to Thurs -3:30-5:00pm 21 Sep
IELTS(Foundation) Mon&Thurs 5:30to7:00pm 21 Sep
IELTS(Test Practice) Sat&Sun 10:30to12:30am 19 Sep
IELTS(Speaking) Sat&Sun 1:00to3:30pm 19 Sep
Academic Writing Course
San & Sun - 5:00 - 7:00 pm 19 Sep
No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910



သန်းငွေ့နှင့်ရောင်းရင်းများ ၅ သဘင်အောင်ပွဲ
★အဘာထွက်ပွဲ၊ပူပွါး(၃)ရက်။ပုဂံညောင်ဦး၊စွယ်တော်လေးဆူပါ(၅)ရက်။
★အဘာထွက်ပွဲ၊ပူပွါး၊တောင်ကြီး၊အင်းလေး၊ပင်းတယ(၅)ရက်။
★အဘာထွက်ပွဲ၊ပူပွါး၊မန္တလေး၊ပြင်ဦးလွင်(၅)ရက်။ SEP-28 ထွက်မည်
★(ပုဂံညောင်ဦး၊ပူပွါး)(တောင်ကြီး၊အင်းလေး၊ပင်းတယ)(မန္တလေး၊မုံရွာ၊ပြင်ဦးလွင်)(၄)ရက်။(သောကြာနေ့တိုင်း)
★လွန်။(နေပြည်တော်)(ပြည်အကောက်တောင်၊နဂါးရစ်ဆရာတော်ဖူး)(စနေ၊တနင်္ဂနွေ)
★ဘီးလင်း၊မဲလုံးဆံတော်၊ ရှင်ကျိုက်ထီးဆောင်း(နေ့ချင်းပြန်)ကျိုက်ထီးရိုး၊ချောင်းသာ(အင်္ဂါ၊သောကြာ)
ပင်ရင်း(၄၂)ရွှေဘုံသာလမ်း(အထက်) Ph-01241863,380141,0943043109,0973251422



**မိခင်အမည်မှန်**
ပုသိမ်မြို့၊ အလက(၆) ထ(ခွဲ) ဒသမတန်း(က)မှ မနှင်းလဲ့ခိုင်၏ မိခင် အမည်မှန်မှာ ဒေါ်ထူးထူးခိုင်[၁၄/ပသန(နိုင်) ၁၈၄၄၂၄] ဖြစ်ပါကြောင်း။
**ဒေါ်ထူးထူးခိုင်[၁၄/ပသန(နိုင်)၁၈၄၄၂၄]**



**အမြန်အလိုရှိသည်**
ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ ဆေးဆိုး
ကျွမ်းကျင်(၃)ဦး အမြန်အလိုရှိသည်။
Update Beauty Corner ၅၂လမ်း၊ အလယ်ဘလောက်
ဖုန်း-၀၉-၂၅၀၀၆၄၅၇၁

# ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း

ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၁။)
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရှေးဟောင်းအဆောက်အအုံ** ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင် ဖြစ်စေ နှစ်ပေါင်း ၁၀၀နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ အပါအဝင် လူသားတို့နေထိုင်ပြုလုပ်သုံးစွဲ တည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများကို ဆိုသည်။

(ခ) **ရှေးဟောင်းစာရင်းဝင်အဆောက်အအုံ** ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ရှေးဟောင်း အဆောက်အအုံများ၏စာရင်းတွင် ပါဝင်သောအဆောက်အအုံကိုဆိုသည်။

(ဂ) **ကာကွယ်ထိန်းသိမ်းခြင်း**ဆိုရာတွင် အခွန့်ရှည်တည်တံ့စေရန် အလို့ငှာ ရှေးဟောင်းအဆောက်အအုံနှင့် ယင်း၏ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထိုအဆောက်အအုံကို ဝင်းခြံကာရံခြင်းနှင့် အလွယ်တကူဝင်ထွက်နိုင်ရန် လိုအပ်ချက်နှင့် အညီ ပြုလုပ်ခြင်း၊ ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်ပြန်လည်ပြုပြင်ခြင်း၊ ဆေးကြောသုတ်သင်မွမ်းမံခြင်းတို့ကို ရှေးဟောင်းသုတေသနဆိုင်ရာ အင်ဂျင်နီယာနည်းလမ်း၊ ဓာတုဗေဒနည်းလမ်းနှင့် အခြားနည်းလမ်းများအပါအဝင် သိပ္ပံနည်းကျ ပြုပြင်ကာကွယ် ထိန်းသိမ်းခြင်းတို့ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ယဉ်ကျေးမှုဝန်ကြီး ဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနကိုဆိုသည်။

(စ) **ဦးစီးဌာနက လွှဲပြောင်းတာဝန်ပေးခြင်းခံရသည့်ဌာန** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွင့်လှစ်ထားသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲ များကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းအဆောက်အအုံများ အခွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို အကောင်အထည် ဖော်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ရှေးဟောင်းအဆောက်အအုံများ ယိုယွင်းပျက်စီးပျောက်ဆုံးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန်၊

(ဂ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင် သန်ခိုင်မာစေရန်၊

(ဃ) ရှေးဟောင်းအဆောက်အအုံများ၏ တန်ဖိုးမြင့်မားမှုကို အများ ပြည်သူတို့ သိရှိနားလည်နိုင်ကြစေရန်၊

(င) ရှေးဟောင်းအဆောက်အအုံများ ဖျက်ဆီးမှုမခံရစေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(စ) ရှေးဟောင်းအဆောက်အအုံများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်၊

(ဆ) ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်က သဘောတူလက်ခံထားသော အပြည် ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ဒေသဆိုင်ရာ သဘောတူညီချက်များ နှင့်အညီ ဆောင်ရွက်ရန်။

**အခန်း(၃)**

**ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်ခြင်း**

၄။ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသော အောက် ပါအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများဟု သတ်မှတ်သည်-

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူ နေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် ရှေးဟောင်းလူများ နေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏အကြွင်းအကျန်များ၊

(ဂ) သဘာဝအလျောက် တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာ နေရာနှင့် ရှေးဟောင်းလူများ သွားလာနေထိုင်ခဲ့ သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊ လျှိုမြောင်၊ မြစ်ကမ်းဆင့်နှင့် ပရိုင်း မိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများအပါ အဝင် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(ဃ) ရှေးခေတ်လူတို့ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(င) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသော နေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်နှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သော အဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(စ) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ် များ၊

(ဆ) ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာ တန်ဖိုးမြင့်မား၍ နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများ၊

(ဇ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်သည့် အခြားအဆောက်အအုံများ။

**အခန်း(၄)**

**ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်းနှင့် လက်ခံခြင်း**

၅။ ဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံများကို အခွန့်ရှည်တည်တံ့စေရန် ထိန်းသိမ်းပြုပြင်ခြင်း၊ ကာကွယ်ခြင်း၊

(ခ) ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်၊ လူ့ပယောဂနှင့် အခြားနည်း လမ်းတစ်ခုခုကြောင့် ပျက်စီးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ် ထိန်းသိမ်းခြင်း၊

(ဂ) နိုင်ငံတော်အနှံ့တွင် တည်ရှိနေသော ရှေးဟောင်းအဆောက်အအုံများ ကို ရှာဖွေဖော်ထုတ်၍ ရှေးဟောင်းအဆောက်အအုံများ စာရင်း တွင် ထည့်သွင်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံများကို ပြည်သူလူထုက ဂုဏ်ယူမြတ်နိုး တန်ဖိုးထားလိုသော စိတ်ဓာတ်နှင့် ထိန်းသိမ်းလိုသော စိတ်ဓာတ် များ ဖြစ်ပေါ်စေရန် ပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတစ်ခုခုနှင့်စပ်လျဉ်း၍ အခွန့်ရှည်တည်တံ့စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်အစိုးရ အဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ များအပြင် လိုအပ်ပါကပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ရှေးဟောင်းအဆောက်အအုံများကို ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံရန်နှင့် မပျက်စီးအောင် ထိန်းသိမ်းထားရန်အလို့ငှာ ပိုင်ရှင်နှင့်ညှိနှိုင်း၍ ထိန်းသိမ်းပြုပြင် ခြင်း၊

(ဂ) ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်း အဆောက်အအုံကို နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်၍ ကာကွယ် ထိန်းသိမ်းခြင်း၊

(ဃ) နိုင်ငံတော်အတွင်း ဒေသအသီးသီးရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံ များကို ထိန်းသိမ်းထားရှိခြင်းနှင့် ပြည်သူလူထု လေ့လာကြည့်ရှု နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၇။ ဝန်ကြီးဌာနသည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦးက တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သည့်၊ လက်ဝယ် ရရှိသည့် သို့မဟုတ် အမွေဆက်ခံရရှိသည့် ရှေးဟောင်းအဆောက် အအုံ၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ တန်ဖိုးရှိသည့် မည်သည့် အဆောက်အအုံကိုမဆို အပ်နှံပါကလက်ခံ၍ ထိန်းသိမ်းထားရှိ နိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ လက်ခံထိန်းသိမ်းထားသော ရှေးဟောင်းအဆောက် အအုံကို အပ်နှံသူ သို့မဟုတ် အဖွဲ့အစည်းသည် ပိုင်ဆိုင်ကြောင်း အထောက်အထား အခိုင်အမာတင်ပြနိုင်သူကိုသာ အကျိုးခံစားခွင့် ရှိသူအဖြစ် သတ်မှတ်၍ ယင်းအဆောက်အအုံအတွက် သင့်လျော် သောချီးမြှင့်ငွေ ပေးအပ်နိုင်သည်။

၈။ (က) ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခံရခြင်း သို့မဟုတ် ရွှေ့ပြောင်းခံရမည့် အန္တရာယ်ရှိခြင်း သို့မဟုတ် အကြောင်းကြောင်း ကြောင့် ပျက်စီးနိုင်သည်ဟု ထင်မြင်ယူဆပါက သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသူထံမှ ထိုက်တန်သောကာလ တန်ဖိုးအပြင် သမိုင်းယဉ်ကျေးမှုဆိုင်ရာ ထပ်ဆောင်းတန်ဖိုး ချီးမြှင့်၍ လွှဲပြောင်းရယူပြီး ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါ ရှေးဟောင်းအဆောက်အအုံများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာအရ လက်ရှိအသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံနှင့် ဘာသာရေးဝတ်ပြု ကိုးကွယ်မှုအတွက် လက်ရှိအသုံးပြုနေ သော ရှေးဟောင်းအဆောက်အအုံ၊

(၂) ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ဘိုးဘွားစဉ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့်ပတ်သက်၍ သင့် လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထား ရှိလိုသည့် ရှေးဟောင်းအဆောက်အအုံ။

၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်း ခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

**အခန်း(၅)**

**ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးခြင်း**

၁၀။ ဦးစီးဌာနသည် -

(က) အဆောက်အအုံ တစ်ခုခုနှင့်စပ်လျဉ်း၍ ရှေးဟောင်းအဆောက် အအုံ စစ်မှန်ခြင်း ရှိ၊ မရှိ စိစစ်ရန်လိုအပ်ပါက နည်းဥပဒေအရ ဖွဲ့စည်းသော ရှေးဟောင်းအဆောက်အအုံ စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးစေပြီး အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အငြင်းပွားမှု ထပ်မံပေါ် ပေါက်လျှင် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၁၁။ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ပညာရှင်အဖွဲ့၏ တင်ပြချက်အပေါ် ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

**အခန်း (၆)**

**ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း သတင်းပို့ခြင်း**

၁၂။ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော မြေပေါ်တွင် ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀နှင့်အထက် သက်တမ်းရှိသည့် ရှေးဟောင်းအဆောက်အအုံကို တွေ့ရှိသူသည် အဆိုပါအဆောက်အအုံမှာ ရှေးဟောင်းအဆောက်အအုံ ဖြစ်ကြောင်း သိရှိလျှင် သို့မဟုတ် ယူဆရန်အကြောင်းရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဆောလျင်စွာ သတင်း ပေးပို့ရမည်။

၁၃။ (က) ပုဒ်မ ၁၂ အရ သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အဆိုပါအဆောက် အအုံကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်း ပို့ရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သည်များကို ချက် ချင်းဆောင်ရွက်၍ သတင်းလက်ခံရရှိသည့်နေ့မှ ၇ ရက် အတွင်း ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားချက်ကို ရရှိ သည့်အခါ ရှေးဟောင်းအဆောက်အအုံစစ်မှန်ခြင်း ရှိ၊ မရှိ စစ် ဆေးခြင်းနှင့် လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်း သို့မဟုတ် ကာကွယ်ထိန်းသိမ်းစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၇)**

**ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း**

၁၄။ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်း ချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိ ရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအဆောက်အအုံတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကိုဖြစ်စေ ပြောင်းလဲ ခြင်းမရှိစေဘဲ ပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင် ရွက်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ် ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံများကို အင်္ဂတေသရွတ်ကိုင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသက်န်းကပ်ခြင်း၊ ထီးတင်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် စသည်တို့ တင်လှူ ခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန် ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ဂြိုဟ်တိုင်၊ တံခွန်တိုင်၊ ရေကန်၊ ရုပ်တုများ၊ နတ်ရုပ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် အခြား အဆောက်အအုံများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်း တို့ကို တိုးချဲ့ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း၊

စာမျက်နှာ ၁၆ သို့

**စာမျက်နှာ ၁၅ မှ**

(ဃ) ရှေးဟောင်းအဆောက်အအုံများအား မူလလက်ရာအတိုင်း ပြန်လည်ဖြည့်စွက် တည်ဆောက်ခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံ တည်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာရှာဖွေခြင်းနှင့် တူးဖော်သုတေသနပြုခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံကို ဂေါပက သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ကာကွယ်ထိန်းသိမ်းခြင်း။

၁၅။ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဇရိယာအတွင်း၌ အောက်ပါပြုလုပ်မှု တစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို တိုးချဲ့ခြင်း၊

(ခ) ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ၊ လူနေအဆောက်အအုံများအပါအဝင် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဂ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံများစသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဃ) မြေအောက်တွင် လျှပ်စစ်သွယ်တန်းခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ သွယ်တန်းခြင်းနှင့် အခြားမြေအောက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များတူးဖော်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(စ) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များ ဖြိုဖျက်ခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဆိုင်သည့် အဝန်းအဝိုင်း၊ ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံများကို ထည့်သွင်းခြင်း၊ ခြံစည်းရိုးခတ်ထားခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံ၏အနီးနှင့် ပတ်ဝန်းကျင်မြင်ကွင်း၌ ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

**အခန်း (၈)**

**တားမြစ်ချက်များ**

၁၇။ မည်သူမျှ ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူမရှိသော ရှေးဟောင်းအဆောက်အအုံ တွေ့ရှိပါက ဤဥပဒေပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက်နှင့်အညီ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၈။ မည်သူမျှဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ ပါ ဆောင်ရွက်ချက်တစ်ခုခုကို မပြုလုပ်ရ။

၁၉။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ် အတွင်းတွင် ဦးစီးဌာန၏ စာဖြင့် ခွင့်ပြုချက်မရရှိဘဲ အောက်ပါပြုလုပ်မှု တစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအဆောက်အအုံကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေရန် ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလလက်ရာကို ဖြစ်စေ ပြောင်းလဲစေရန် ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံမှ မူလအစိတ်အပိုင်းများ၊ အနုပညာလက်ရာပစ္စည်းများ ဖြုတ်ခွာယူခြင်း၊ ဖယ်ရှားခြင်း။

၂၀။ မည်သူမျှ ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းစာရင်းဝင်အဆောက်အအုံမှ သတ်မှတ်ထားသော ဇရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်နိုင်သည်ဟု ယူဆရသော အောက်ပါပြုလုပ်မှု တစ်ခုခုကို စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) ရှေးဟောင်းစာရင်းဝင် အဆောက်အအုံအဖြစ် သတ်မှတ်ထားသည့် ရှေးဟောင်း အဆောက်အအုံကို စီးပွားရေးအလို့ငှာ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်ရိုက်ကူးခြင်း သို့မဟုတ် ပုံတူပွားခြင်း၊ ပုံစံငယ်ပြုလုပ်ခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်ထားသောနယ်မြေအတွင်း တုန်ခါမှု ဖြစ်ပေါ်စေသော ယန္တရားကြီးများ အသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုးသွားလာခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံ၏အနီး ထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း၊ ပိတ်ဆို့၍ ခြံစည်းရိုးများကာရံခြင်း သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေနိုင်သည့် အခြားဆောင်ရွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော မီးပုံးပျံကဲ့သို့ ဓာတ်ငွေ့ထုတ်လွှတ်သည့် ကိစ္စများဆောင်ရွက်ခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေနိုင်သော သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လေယာဉ်များ၊ ရဟတ်ယာဉ်များ တက်ဆင်းခြင်း၊ ပျံသန်းခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ဓာတုပစ္စည်းများ စွန့်ပစ်ခြင်း၊ အမှိုက်သရိုက်များ စွန့်ပစ်ခြင်း။

**အခန်း (၉)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ် တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၁၄ ပါ ပြုလုပ်မှုတစ်ခုခုကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊

(ခ) ပုဒ်မ ၂၀ ပါ ရှေးဟောင်းအဆောက်အအုံကို ထိခိုက်စေသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း။

၂၂။ မည်သူမဆို ပုဒ်မ ၁၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်၍ သတင်းပို့ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၅ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ် အထိဖြစ်စေ၊ အနည်းဆုံးကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်ငါးနှစ်မှ အများဆုံးထောင်ဒဏ် တစ်ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၂၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ၊ ရေတွင်း၊ ရေကန်၊ တူးမြောင်း သို့မဟုတ် မွေးမြူရေးကန်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း။

၂၆။ မည်သူမဆို ပုဒ်မ ၂၅ အရ ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန်ပျက်ကွက်သည့် ရက်အသီးသီးအတွက် တစ်ရက်လျှင် ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၇။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံတည်ရှိသောမြေကို သို့မဟုတ် ထိုမြေ၏ တစ်စိတ် တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ နိုင်ငံတော်အကျိုးငှာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၂၈။ ရှေးဟောင်းအဆောက်အအုံတစ်ခုခု တွေ့ရှိသူ၊ သတင်းပို့သူ သို့မဟုတ် အပ်နှံသူအား ယင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ ပိုင်ရှင်ဟုမှတ်ယူခြင်း မပြုဘဲ အကျိုးခံစားခွင့်ရှိသူဟုသာ မှတ်ယူရမည်။

၂၉။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံကို ကာကွယ်ထိန်းသိမ်းနိုင်ရန်ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံကို လွှဲပြောင်းရယူရန်ဖြစ်စေ စေတနာအလျောက် လှူဒါန်းသောငွေကို လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၃၀။ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံ အဆောက်အအုံသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောကြောင့် ယင်းသက်သေခံ အဆောက်အအုံကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၃၂။ ဝန်ကြီးဌာနသည် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်စောင့်ရှောက်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်။

၃၃။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

မန္တလေး ၂၆(ဘီ)လမ်း
စိတ်ကူးချိုချိုစာအုပ်ဆိုင်ဖွင့်ပွဲ
**စာအုပ်များ အထူးနှုန်း**
စိတ်ကူးချိုချိုစာအုပ် ၂၀% အခြားတိုက်ထုတ် ၁၀%
၁.၉.၂၀၁၅ (အင်္ဂါနေ့)မှ ၁၀.၉.၂၀၁၅ (ကြာသပတေးနေ့ထိ)၊
နံနက် ၉ နာရီမှ ည၇:၀၀နာရီထိ။
စိတ်ကူးချိုချိုစာအုပ်ဆိုင်သစ်၊ အမှတ် ၅၇၊ ၂၆(ဘီ)လမ်း၊
၈၈× ၈၉ကြား၊ မန္တလေး။ ဖုန်း ၀၉ ၇၈၈၀၂၁၁၅၀
ဩဂုတ်လစျေးရောင်းပွဲမှာ မထွက်သေးတဲ့ စာအုပ်သစ်များစွာဖြင့်

**သွေးသည် အသက်**



# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၂ ။)**
**၁၃၇၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသင်း**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ဆိုသည်။
(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကြက်ခြေနီဗဟိုကောင်စီကို ဆိုသည်။
(ဂ) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။
(ဃ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။
(စ) **ကြက်ခြေနီအခြေခံမူများ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၏ အခြေခံမူ ခုနစ်ချက်ဖြစ်သော လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ကို ဆိုသည်။
(ဆ) **ဂျီနီဗာသဘောတူညီချက်များ** ဆိုသည်မှာ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သော သဘောတူညီချက်များကို ဆိုသည်။
(ဇ) **နောက်ဆက်တွဲသဘောတူညီချက်များ** ဆိုသည်မှာ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲ သဘောတူညီချက် (၁) နှင့် (၂) တို့အပြင် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျီနီဗာမြို့၌ အတည်ပြုပြဋ္ဌာန်းခဲ့သည့် နောက်ဆက်တွဲသဘောတူညီချက် (၃) ကို ဆိုသည်။

**အခန်း(၂)**
**အသင်း၏အဆင့်အတန်းနှင့် လုပ်ငန်းတာဝန်များ**

၃။ အသင်းသည် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်ပေးသော အသင်းတစ်ရပ်ဖြစ်၍ လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်သည်။

၄။ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်။

၅။ အသင်းသည် နိုင်ငံတော်တွင် တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်ပြီး ယင်း၏ လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက်နိုင်သည်။ ထို့ပြင် နိုင်ငံတကာနယ်ပယ်တွင်လည်း အလားတူ ပူးပေါင်းဆောင်ရွက်နိုင်သည်။

၆။ အသင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်းလိုက်နာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ အသင်းသည် အသင်း၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားအဖွဲ့အစည်းများ၏ ဝင်ရောက်စွက်ဖက်ခြင်း ကင်းရမည်။ ထို့ပြင် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။

၈။ အသင်းသည် ကြက်ခြေနီလှုပ်ရှားမှုအတွင်း သဘောတူထားသည့် သက်ဆိုင်ရာ လမ်းညွှန်ချက်များ၊ မူဝါဒများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို တူညီသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရာတွင် အခြားလူမှုကရုဏာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၉။ အသင်းသည် လူမှုကရုဏာ လုပ်ငန်းနယ်ပယ်များတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် အပြန်အလှန် တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀။ အသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အသင်း၏ လူသားချင်းစာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲတမ်း ဆောင်ရွက်ပေးနိုင်ရမည်။

၁၁။ အစိုးရအဖွဲ့သည် အသင်း၏ စေတနာ့ဝန်ထမ်းဆောင်ရွက်မှုနှင့် လွတ်လပ်သော သဘောသဘာဝကို အလေးထား၍ ရည်ရွယ်ချက်များ အောင်မြင်ရန် အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကို ကူညီထောက်ပံ့ပေးရမည်။

၁၂။ အသင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

၁၃။ အသင်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏အမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

**အခန်း(၃)**
**အသင်း၏ရည်ရွယ်ချက်များ**

၁၄။ အသင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ကြက်ခြေနီအသင်းဖြစ်သည့်အားလျော်စွာ ဥပဒေနှင့်အညီ အသင်း၏ လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ဖြစ်စေ၊ နိုင်ငံတကာနယ်ပယ်၌ဖြစ်စေ ဆောင်ရွက်နိုင်စေရန်၊
(ခ) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ နိုင်ငံရေးအယူဝါဒတို့ ခွဲခြားခြင်း အလျဉ်းမရှိစေဘဲ မည်သူ့ကိုမဆို ကူညီစောင့်ရှောက်ရန်၊
(ဂ) လူသားအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှု တိုးတက်ရရှိစေရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲစေရေးအတွက် ကြက်ခြေနီအခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေပြန့်ပွားရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊
(ဃ) စစ်မက်ကာလတွင်ဖြစ်စေ၊ ငြိမ်းချမ်းသောကာလတွင်ဖြစ်စေ ဘေးဒုက္ခကျရောက်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲသဘောတူညီချက်များ၊ အခြားသက်ဆိုင်ရာ သဘောတူညီချက်များနှင့် ဥပဒေများအရ ကယ်ဆယ်ရေး၊ ဆင်းရဲဒုက္ခနည်းပါးစေရေး၊ လူသားချင်း စာနာထောက်ထားသော အကူအညီပေးရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊
(င) အသင်းသည် သဘာဝဘေးအန္တရာယ်များ၊ လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် အခြားအရေးပေါ်ကိစ္စများတွင် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အစီအစဉ်များ၌ ပါဝင်ဆောင်ရွက်ရန်၊
(စ) ကျန်းမာရေး၊ ရောဂါဘယကြိုတင်ကာကွယ်တားဆီးရေး၊ လူမှုဝန်ထမ်းလုပ်ငန်းများနှင့် ယင်းတို့အတွက် အသိပညာပေးရေး နယ်ပယ်များတွင် အသင်း၏အစီအစဉ်ဖြင့် ပြည်သူများကို ကူညီစောင့်ရှောက်ရန်၊
(ဆ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် လူသားချင်းစာနာထောက်ထားမှု လိုအပ်နေသည့် အခြေအနေများတွင် ကွဲကွာနေသော ပြည်သူများအကြား မိသားစုအဆက်အသွယ်များ ပြန်လည်ရရှိရေးအတွက် ထိရောက်သော အမျိုးသားအဆင့်လုပ်ငန်းကွန်ရက်ကို စီမံဆောင်ရွက်ရန်၊
(ဇ) ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏နောက်ဆက်တွဲ သဘောတူညီချက်များအရ အသိအမှတ်ပြုထားသော ကြက်ခြေနီအမှတ်အသားနှင့် အလားတူ အမှတ်တံဆိပ်များကို လွဲမှားစွာ သုံးစွဲခြင်းမှ ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများအား အများပြည်သူ လေးစားလိုက်နာစေရေးတို့ကို ရည်ရွယ်၍ အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊
(ဈ) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့် စေတနာလုပ်အားရှင်စိတ်ဓာတ်တို့ကို အများပြည်သူများအကြား တိုးတက်ထွန်းကားလာစေရေးနှင့် အသိပညာ ပြန့်ပွားရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်၊
(ည) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများနှင့်အညီ ကြက်ခြေနီလှုပ်ရှားမှုများကို ဘက်မလိုက်ဘဲ လွတ်လပ်စွာဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**အခန်း(၄)**
**ကြက်ခြေနီလှုပ်ရှားမှုဝင် အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု**

၁၅။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခု အနေဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အနေဖြင့်လည်းကောင်း ထမ်းဆောင်ရမည့်တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၆။ အသင်းကို ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ကြက်ခြေနီ အခြေခံမူများနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီလိုအပ်ပါက အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမည်။

**အခန်း(၅)**
**ဖွဲ့စည်းခြင်း**

၁၇။ မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည်-

(က) ကောင်စီဝင်များ၊
(ခ) ကောင်စီက အဆိုပြုသော ပုဂ္ဂိုလ်များ၊
(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေကိုယ်စားလှယ်များ၊
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားလှယ်များ၊
(င) ခရိုင်ကိုယ်စားလှယ်များ၊
(စ) မြို့နယ်ကိုယ်စားလှယ်များ၊
(ဆ) အသင်းသားလူငယ်ကိုယ်စားလှယ်များ၊
(ဇ) ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ကိုယ်စားလှယ်များ၊
(ဈ) ဌာနဆိုင်ရာ ကိုယ်စားလှယ်များ။

၁၈။ ကောင်စီကို ညီလာခံက ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့လည်းဖြစ်သည်။ ကောင်စီဝင်ဦးရေကို လိုအပ်ချက်နှင့်အညီ ပြောင်းလဲတာဝန်ပေးအပ်နိုင်သည်။ ထိုကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည်-

(က) ပြည်ထောင်စုနယ်မြေက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် တစ်ဦး၊
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ် တစ်ဦးစီ၊
(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အဆိုပြုသည့် ညွှန်ကြားရေးမှူးချုပ် ရာထူးအောက် မနိမ့်သော ကိုယ်စားလှယ် ၁၃ ဦး၊
(ဃ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှ ရွေးချယ်တင်မြှောက်သည့် ၁၀ ဦး ထက်မပိုသော ကိုယ်စားလှယ်များ၊
(င) အစိုးရအဖွဲ့က အဆိုပြုသူ ၁၀ ဦး၊
(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပြည်ထောင်စုနယ်မြေ ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့မှ အဆိုပြုသော ကြက်ခြေနီအသင်းဝင် တစ်ဦးစီ။

၁၉။ (က) ကောင်စီသည် ကောင်စီဝင်များထဲမှ အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။
(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့ အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အထွေထွေအတွင်းရေးမှူး တစ်ဦး၊ အချိန်ပြည့်အလုပ်အမှုဆောင် နှစ်ဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင် ခြောက်ဦး တို့ကို ရွေးကောက်တင်မြှောက်ရမည်။

၂၀။ ကောင်စီသည် ကျွမ်းကျင်သူပညာရှင်များသာ ဆောင်ရွက်နိုင်သည့် အထူးလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ ငါးဦး ထက်မပိုသော ပုဂ္ဂိုလ်များကို ကောင်စီဝင်များအဖြစ် ဖြည့်စွက်တာဝန်ပေးအပ်နိုင်သည်။

၂၁။ ကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့တို့၏တာဝန်များသည် မြန်မာနိုင်ငံကြက်ခြေနီညီလာခံက ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ အသစ်တို့ကို ရွေးချယ်ပြီးသည့်နေ့ရက်တွင် ကုန်ဆုံးသည်။

**အခန်း(၆)**
**မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၂။ မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကြက်ခြေနီညီလာခံသည် အသင်း၏အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့ ဖြစ်သည်။
(ခ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံသည် အသင်းအဆင့်ဆင့်အားလုံးကို ကိုယ်စားပြုသည်။
(ဂ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတွင် ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။
(ဃ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတွင် ကောင်စီ၏ အစီရင်ခံစာကို အတည်ပြုရမည်။
(င) မြန်မာနိုင်ငံကြက်ခြေနီညီလာခံ၏ ဆုံးဖြတ်ချက်အရ ဤဥပဒေကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ တင်ပြရမည်။
(စ) အစည်းအဝေးအစီအစဉ်ပါ ကိစ္စရပ်များကို ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းတို့ ပြုလုပ်ရမည်။
(ဆ) ကောင်စီကတင်ပြသည့် အသင်းနှင့်စပ်လျဉ်းသည့် မူဝါဒများကို အတည်ပြုရမည်။
(ဇ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။ မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံတက်ခွင့်ရှိသူ၏ ငါးပုံတစ်ပုံက တောင်းဆိုလျှင် မြန်မာနိုင်ငံကြက်ခြေနီ ညီလာခံ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။
(ဈ) မြန်မာနိုင်ငံကြက်ခြေနီညီလာခံတက်ခွင့်ရှိသူ တစ်ဦးလျှင် ဆန္ဒမဲ တစ်မဲသာ ပေးခွင့်ရှိသည်။

**စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှ

## အခန်း(၇)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ကောင်စီသည် အသင်း၏ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။
(ခ) အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပြုရမည်။
(ဂ) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။
(ဃ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် နေရာလစ်လပ်ပါက အဖွဲ့ဝင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးရမည်။
(င) မြန်မာနိုင်ငံကြက်ခြေနီညီလာခံက ချမှတ်ပေးသော မူဝါဒများကို အလုပ်အမှုဆောင်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လမ်းညွှန်မှုပြုရမည်။
(စ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။
(ဆ) နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို စိစစ်အတည်ပြုရမည်။
(ဇ) အသင်း၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ စိစစ် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။
(ဈ) အလုပ်အမှုဆောင်အဖွဲ့က တင်ပြသော အသင်းပိုင်ငွေနှင့် ပစ္စည်းဆုံးရှုံးမှုအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ခွင့် ရှိသည်။
(ည) အလုပ်အမှုဆောင်အဖွဲ့က တင်ပြသော အသင်းက ဝယ်ယူမည့် သို့မဟုတ် ထုခွဲရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ စိစစ်ဆုံးဖြတ်မှု ပြုရမည်။
(ဋ) အသင်းသားအဖြစ်လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့် စပ်လျဉ်း၍ အပြီးအပြတ်ဆုံးဖြတ်ခွင့်ရှိသည်။
(ဌ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ် အသိအမှတ်ပြုပိုင်ခွင့်ရှိသည်။
(ဍ) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို အတည်ပြုဆုံးဖြတ်ခွင့်ရှိသည်။
(ဎ) ကောင်စီအစည်းအဝေးကို အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။ ကောင်စီဝင် သုံးပုံတစ်ပုံက တောင်းဆိုလျှင် ကောင်စီ အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။
(ဏ) အလုပ်အမှုဆောင်အဖွဲ့က တင်ပြလာသော ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းကို အတည်ပြုခွင့်နှင့် ပြင်ဆင်ခွင့်ရှိသည်။
(တ) မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို အသင်း၏တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်အုပ်ချုပ်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ရမည်။

၂၄။ ကောင်စီသည် ဤဥပဒေပါကိစ္စများ အထမြောက်အောင်မြင်စေရန် ပြဋ္ဌာန်းလိုသော နည်းဥပဒေများကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

## အခန်း(၈)
## အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၅။ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။
(ခ) ကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ အသင်းအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။
(ဂ) ကောင်စီသို့တင်ပြမည့် အစည်းအဝေးအစီအစဉ်များကို ရေးဆွဲအတည်ပြုရမည်။
(ဃ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲ၍ ကောင်စီသို့ တင်ပြရမည်။
(င) နှစ်စဉ်ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဆောင်ရွက်ချက်များကို ကောင်စီသို့ တင်ပြအစီရင်ခံ ရမည်။
(စ) အသင်း၏ကိုယ်စား ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့်အတိုင်း ပဋိညာဉ်စာချုပ် ချုပ်ဆိုခွင့်ရှိသည်။
(ဆ) အသင်းက ဝယ်ယူရင်းနှီးထားသော ငွေချေးသက်သေခံ လက်မှတ်များကို ရွေးနုတ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။
(ဇ) အသင်းသားအမျိုးအစား၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးတို့ကို ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။
(ဈ) လိုအပ်ပါက လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။
(ည) အသင်းက ဝယ်ယူမည့် သို့မဟုတ် ရောင်းချမည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကောင်စီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။
(ဋ) အသင်းပိုင်ငွေ သို့မဟုတ် ပစ္စည်းဆုံးရှုံးမှုအတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်သည့်တန်ဖိုးကို စာရင်းမှ ပယ်ဖျက်ရန် ကောင်စီသို့ တင်ပြရမည်။
(ဌ) လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ခွင့်ရှိသည်။ နိုင်ငံတကာအဆင့် ဂုဏ်ထူးဆောင် တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံတင်ပြခွင့်ရှိသည်။
(ဍ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အသင်းခွဲများ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်းတို့ပြုနိုင်သည်။
(ဎ) ပြည်တွင်းပြည်ပရှိ ရည်ရွယ်ချက်တူညီသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခွင့် ရှိသည်။
(ဏ) အသင်းသားအဖြစ် လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခွင့်ရှိသည်။
(တ) အသင်းဝင်နှင့် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်တို့ကို ပြည်ပသို့ စေလွှတ်ခြင်း၊ ပြည်ပမှ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။
(ထ) ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းကို ရေးဆွဲ၍ ကောင်စီသို့ တင်ပြရမည်။

၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်၊ တက္ကသိုလ်ကောလိပ်ရှိ အသင်းအဆင့်ဆင့်များအတွက် နာယကများ တင်မြှောက်ခြင်းကို အတည်ပြုနိုင်သည်။

## အခန်း(၉)
## ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း

၂၇။ ဝန်ကြီးဌာနသည် အသင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းနယ်ပယ်များအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သင့်လျော်သော ရန်ပုံငွေလျာထားပေးနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၈။ အသင်းသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လက်ဝယ်ရယူခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် သင့်လျော်သလို စီမံဆောင်ရွက်ခြင်း ပြုနိုင်သည်။

၂၉။ အသင်းသည် ထောက်ပံ့ငွေနှင့် အကူအညီများကို ပြည်တွင်း ပြည်ပ အစိုးရအဖွဲ့များထံမှဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်းထံမှဖြစ်စေ လက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၃၀။ အသင်းသည် ယင်း၏ဝန်ထမ်းများအတွက် သို့မဟုတ် လုပ်ငန်း တစ်ခုခုအတွက် သီးသန့်ရန်ပုံငွေ၊ အာမခံရန်ပုံငွေ သို့မဟုတ် အခြားရန်ပုံငွေများကို ထူထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။


၃၁။ အသင်းသည် အိမ်ခြံမြေများအပါအဝင် အသင်း၏ဥပဒေနှင့်အညီ ပိုင်ဆိုင်ပစ္စည်းများနှင့် ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းများမှ ဝင်ငွေများအပေါ်တွင် အခွန်အကောက်များ စည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၂။ အသင်းသည် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ လှူဒါန်းငွေနှင့် ပစ္စည်းများ အပေါ် အခွန်ကင်းလွတ်ခွင့် ရရှိစေရန် ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

၃၃။ အသင်းသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေး ဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အညီ နှစ်စဉ် စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၁၀)
## အသင်း၏အမှတ်အသား၊ အလံနှင့် ရုံးတံဆိပ်

၃၄။ အသင်းသည် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီညီလာခံက အတည်ပြုသည့် အမျိုးသားအသင်းများ ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ညီလာခံက ချမှတ်ထားသော ရည်ရွယ်ချက်အားလုံးအတွက် အတည်ပြုသည့် အောက်ပါ ကြက်ခြေနီအမှတ်အသားကို အသင်းက သုံးစွဲခွင့်ရှိသည် -



၃၅။ အသင်းသည်အောက်တွင်ဖော်ပြထားသည့်အတိုင်း အဖြူရောင်နောက်ခံပေါ်တွင် ကြက်ခြေနီ အမှတ်အသားနှင့်အတူ ခြင်္သေ့နှစ်ကောင် ကျောချင်းကပ်လျက် ပါဝင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု မြန်မာစာဖြင့် ရေးသားထားသည့် အမှတ်တံဆိပ်ကို အသင်း၏ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်နှင့် အလံတို့တွင် အသုံးပြုခွင့်ရှိပြီး ယင်းအမှတ်တံဆိပ်သည် အသင်း၏ မူပိုင်ဖြစ်သည်-



၃၆။ အသင်းသည် လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါအမှတ်တံဆိပ်ကို အသုံးပြုရမည် -




## အခန်း(၁၁)
## အထွေထွေ

၃၇။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ကောင်စီသည် ဤဥပဒေအရဖွဲ့စည်းသည့် ကောင်စီကို ဖွဲ့စည်းရန်အလို့ငှာ မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို ဤဥပဒေ ပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ခေါ်ယူကျင်းပရမည်။

၃၈။ အသင်းသည် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော ကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ ယင်းကောင်စီ၏ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း အသီးသီး ဆက်ခံရမည်။

၃၉။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ (က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဤဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အသင်းသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**








# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"အဲဒီကနေ ယုတို့ကားကြီးထွက်သွားတာ. . . ငေး. . ငေးကြည့်ရင်း. . ဟော့ကောင်မောင်ရှိန် ဆက်ပြောတော့လေကွာ"

မောင်ရှိန်သည် မည်သို့မျှ တည်၍မရသောသူ့မျက်နှာကို သဘာဝအတိုင်း စပ်ဖြဲဖြဲလေးလုပ်၍ ဆက်ပြောသည်။

"အဲဒီလိုငေး ငေး ငေး. . ကြည့်. . ကြည့်. . ကြည့်ရင်းက မလွဲမရှောင်သာသမို့ ကျွန်တော်မျိုးကြီးရဲ့ မျက်စိနှစ်ကွင်းက အထူးအလင်းတွေရပြီး သက်ခိုင်ရဲ့ မင်းကဘာကို တွေ့လိုက်ရတယ်၊ အသားလေးကလည်း ဝါ. . . လို့ မျက်တောင်ကလေးကလည်းကော့. . လို့ စတူဒီဗေကာကားကြီးပေါ်တက် သွားတာကလည်း ကြော့. . . လို့"

တင်မောင်စိုးကလည်း ဝင်၍ "ဟုတ်ကဲ့ခင်ဗျ. . ကြော့လို့"ဟုဆို၏။

အေးဝင်းက သက်ခိုင်ကိုလှမ်းကြည့်သည်။ ထူးဆန်းစွာပင် သက်ခိုင်၏ မျက်နှာသည် ပျော့ပျောင်းတည်ငြိမ်နေ၏။ စိတ်ဆိုးဟန်ကိုလည်းမပြ။ တုန်လှုပ်ဟန်ကိုလည်းမပြ။

စတူဒီဗေကာကားကြီးက စက်နှိုးပြီး ထွက်ရန်ပြင်နေသည်။ သို့ရာတွင် တစ်ဖက်မှအဆက်မပြတ်ထွက်လာသော ကားများကြောင့် မထွက်နိုင်သေးဘဲ ရပ်နေရ၏။

သက်ခိုင်သည် ချက်ချင်းလှုပ်ရှားလာ၏။ သူသည် သူငယ်ချင်းများဘက်လှည့်ကာ စိန်ခေါ်၏။

"ဟော. . . ဟိုမှာကားကြီးထွက်တော့မယ်၊ အဲဒီကားရပ်ပြီး ငါသွားစကားပြောမယ်၊ ငါမပြောရဲရင် မင်းတို့ငါ့ကို ခိုင်းချင်တာခိုင်း၊ ငါပြောရဲရင် မင်းတို့လည်း ငါတောင်းဆိုသမျှပေးရမယ်၊ ဘယ့်နှယ်လဲ"

မောင်ရှိန်၊ တင်မောင်စိုးနှင့် ယုမောင်တို့သည် တစ်ဦးမျက်နှာတစ်ဦးကြည့်ကြပြီး ပြိုင်တူပင်-

"စိန်လိုက်" ဟု အော်ကြသည်။

"ကောင်းပြီ၊ အေးဝင်း. . . မင်းက သက်သေနော်၊ ကဲ. . . ငါ သွားပြီးဟေ့"

သက်ခိုင်သည် ကားကြီးဆီသို့ ပြေးထွက်သွား၏။

သူငယ်ချင်းအားလုံး ထိတ်လန့်တုန်လှုပ်သွားသည်။ တင်မောင်စိုးက စိုးရိမ်စွာ ပြော၏။

"ဟိုက်. . . ဒီကောင်တကယ် လုပ်တော့မယ်ကွ၊ တို့ကလည်း သူ့အကြောင်း သိရက်သားနဲ့ သွားစတာကိုး၊ ငါးပါးတွေတော့မှောက်ကုန်တော့မယ်"

သူငယ်ချင်းအားလုံးသည် ပူပန်စွာနှင့် သက်ခိုင် သွားရာကို လှမ်းကြည့်နေကြသည်။

ဘီးလိမ့်စ ကားကြီးဘေးသို့ သက်ခိုင်သည် အချိန်မီရောက်သွားသည်။

သက်ခိုင်သည် ရှေ့ခန်းပြတင်းပေါက်ကို ကပ်လိုက်ပြီး ကားမောင်းသူကို မေတ္တာရပ်ခံ၏။

"ကျေးဇူးပြု၍ခင်ဗျာ. . . ကျွန်တော်မြို့ထဲလိုက်ခဲ့ပါရစေ"

ကားမောင်းသူသည် ဘရိတ်ကို နင်းလိုက်ပြီး ရုတ်တရက် ဒေါသနှင့်ဖြေ၏။

"ဟေ့. . . သူငယ်၊ လွန်လှချေလား၊ မင်းက ဘာမှတ်လို့လိုက်နှောင့်ယှက်ရတာလဲ"

သက်ခိုင်ကမူ အေးချမ်းစွာ ဖြေသည်။

"စိတ်မဆိုးပါနဲ့ ဦးလေးရယ်၊ ဦးလေးတို့ရဲ့ ကားကိုကျွန်တော်အလကားမစီးပါဘူး၊ ပိုက်ဆံပေးပါမယ်"

သက်ခိုင်သည် သူ့အပေါ်ဝတ်အင်္ကျီအိတ်တွင်းမှ မတ်စေ့တစ်စေ့ထုတ်ယူပြ၏။

ကားမောင်းသူသည် မျက်လုံးပြူးသွားကာ သက်ခိုင်၏ မျက်နှာကို စေ့စေ့ကြည့်၏။ ခဏ၌မူ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သက်ခိုင်က ကားမောင်းသူ၏ လက်တွင်းသို့ မတ်စေ့ကို ထည့်ပေးပြီးလျှင် ကားနောက်တံခါး ကိုဖွင့်၍ ကားတွင်းသို့ ဝင်လိုက်သည်။

ကားမောင်းသူနည်းတူ အံ့သြလွန်း၍ ဘာစကားမျှ မပြောနိုင်ဘဲ လဲ့လဲ့ရွှန်းသော မျက်လုံးများနှင့်သာ သူ့ကို အံ့အားသင့်ကြည့်နေသည့် မိန်းမပျိုအား သက်ခိုင်က အေးချမ်းတည်ငြိမ်စွာ ပြော၏။

"မောင်ပါ. . . မမနွယ်၊ သက်ခိုင်ရယ်. . . ပါ၊ ဦးလေးကို ချစ်တိုးရေမောင်းဗျာ. . . ပင်းချောင်းကို ရောက်အောင်မောင်းဗျာ"

စတူဒီဗေကာကားကြီးသည် ငြိမ့်ခနဲ့ တစ်ချက်အားယူလိုက်ပြီး ချောမွတ်ညင်သာစွာ ထွက်သွားလေတော့၏။

စကြံပေါ်၌ မောင်ရှိသည် သူ့မျက်လုံးများကို ပတ်ချာလည်ပြလိုက်ပြီး မျက်ဖြူဆိုက်ဟန် လုပ်လိုက်၏။ ယုမောင်က သူ့နဖူးသူ ပြန်ထုနေ၏။ တင်မောင်စိုး၏ နဂိုက ပြူးပြီးသား မျက်လုံးကြီးများမှာ ပိုပြူးထွက်နေ၏။

အေးဝင်းကသာ ဒိုင်လူကြီးလေသံနှင့် ပြော၏။

"ပွဲပြီးသွားပြီ၊ အရှုံး အနိုင်လည်း ဆုံးဖြတ်ပြီးပြီ၊ အားလုံးသတိ. . . စည်းကမ်းသေဝပ်စွာ ပြန်ကြစို့ ရဲဘော်တို့"

**အခန်း–၁၉**

**ရှေးနှင့်အတူ**

စတူဒီဗေကာကားကြီးပေါ်တွင်မူ အံ့သြစိတ် ပြေသွားသော မလေးနွယ်က ပြုံးရွှင်ကြည်လင်စွာနှင့် ဆို၏။

"မောင်. . . သိပ်ဆိုးတယ်၊ ပြီးတော့ သိပ်ရဲတာပဲ၊ ပထမတော့ မမနွယ်လန့်သွားတယ်. . . သိလား"

သက်ခိုင်က ရယ်ရင်း တောင်းပန်သည်။

"ဟုတ်တယ် . . . မောင်လုပ်ပုံက နည်းနည်းလွန်သွားတယ်၊ အစကတော့ ဒီလိုလုပ်မယ်လို့ စိတ်မကူးမိပါဘူး၊ နောက်မှ ရုတ်တရက် အကြံရလို့"

"မမနွယ်မှန်း မောင် ဘယ်လိုလုပ် သိသလဲ"

သက်ခိုင်၏ မျက်နှာသည် အနည်းငယ် တည်သွားပြီး ခပ်လေးလေးဖြေ၏။

"မမနွယ်ကို မောင်တွေ့လိုက်မိဖူးတာကို"

မလေးနွယ်ကလည်း စဉ်းစားသယောင်တွေတွေလေး ဖြစ်သွား၏။

ခဏကြာမှ ပြောသည်။

"မောင့်ကိုလည်း မမနွယ် တွေ့လိုက်မိဖူးတယ်၊ နေပါဦး. . ဘယ်နေရာမှာပါလိမ့်"

"ဘိုင်အိုဗလော့ခ်(ပါဏဗေဒအဆောင်ကြီး) အပေါ်ဆုံးထပ် ထောင့်ချိုးမှာပါ၊ ဟုတ်တယ် မဟုတ်လား၊ မမနွယ်ကို မောင်အကြာကြီး ရပ်ကြည့်နေမိခဲ့တယ်"

"ဟုတ်တယ်. . . မမနွယ်လည်း မောင့်ကို ပြန်ကြည့်မိတာပဲ၊ ဒါပေမယ့်မောင်က သိပ်လည်းထွားနေတယ်၊ အသားကလည်း ငယ်ငယ်တုန်းကလိုမညိုဘဲဖြူပြီး လူကလည်း ချောနေတယ် မဟုတ်လား၊ မမနွယ် ဘယ်မှတ်မိမလဲ"

"မမနွယ်ကိုလည်း မောင် မမှတ်မိပါဘူး၊ မမနွယ်ကလည်း သိပ်လှနေတာပါပဲ မမနွယ်"

သက်ခိုင်က ချီးမွမ်းသည်ကို မလေးနွယ်က ပြုံးပြုံးလေးပင် လက်ခံယူပြီး အေးချမ်းစွာ ဆက်မေး၏။

"မမနွယ်ကို မမှတ်မိဘူးဆိုပြီး . . . အခုတော့ ဘယ်လိုလုပ် သိသလဲ"

မလေးနွယ်က လွယ်လွယ်လေး မေးသော်လည်း သက်ခိုင်မှာမူ ဖြေရခက်သွားသည်။ နောက်ဆုံး၌မူ ရိုးသားစွာပင် အမှန်ကို ဖြေသည်။

"လုံးလုံးကြီး မမှတ်မိတာတော့ မဟုတ်ပါဘူး၊ မှတ်မိသလိုလိုလည်းရှိတယ်၊ မောင့်ရင်ထဲမှာလည်း မကျေမချမ်းနဲ့ တစ်မျိုးဖြစ်နေခဲ့တယ်၊ ဒါကြောင့်လည်း တစ်ချိန်လုံး မမနွယ်ကို မောင်လိုက်ရှာနေခဲ့မိတယ်"

"အို. . . မမနွယ်ကို မောင်က မယုံဘူးလား"

မလေးနွယ်က မျက်တောင်ကော့ကြီးများကို ပင့်ကာ သူ့ကိုမော့ကြည့်၏။ သူ့မျက်နှာ၌ ကြုတ်ထားသော မျက်မှောင်ကို ထုံးစံအတိုင်း တွေ့ရ၏။

မလေးနွယ်က အသံလေးများ ထွက်အောင် ရယ်သည်။

"ကြည့်စမ်း. . . အခုအထိ ဒီမျက်မှောင်ကကြုတ်တုန်းပဲလား၊ ဟိုနေ့က မမနွယ်ကို အဲဒီလို မျက်မှောင်ကြုတ်ပြလိုက်ပါလား၊ မမနွယ် တစ်ခါတည်း မှတ်မိသွားမှာပေါ့"

သက်ခိုင်သည် မျက်မှောင်ကို လျှော့ချလိုက်ပြီး မလေးနွယ်နှင့် အတူရယ်၏။

"အင်းလေ. . . ဆက်ဦး၊မောင်၊ အခု မမနွယ်ကိုမောင် ဘယ့်နှယ်သိသွားသလဲ"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် — 850 USD + ၅၀၀၀၀ိ/-

သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် — 750 USD + ၅၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။

(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အဲကွန်းပါသော ညဘက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)

(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၄၊ ၁၈ နှင့် ၂၅ (သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀)၊ နိုဝင်ဘာ ၈၊ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - နိုဝင်ဘာ ၁၅၊ ဖေဖော်ဝါရီ ၇၊ ဧပြီ ၁၀။

ဒါနဘုရားဖူးအဖွဲ့ – အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ မှော်ဘီလမ်း၊ စမ်းချောင်း။ ဖုန်း – 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664

မဇ္ဈိမဒေသသာသနာပြုအဖွဲ့– အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း – 545215, 545216, 555173

မန္တလေးရုံးခွဲ–(I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း– 09 402 64 8989, 09 5300305



KING STAR ဖုန်း- 09 73049700, 09 73047572

ကွန်ပျူတာအတတ်သင် 25000Ks

➡ Internet (8000Ks)
➡ i-Office 2010
➡ D.T.P PH : 391003
➡ Graphic Design
➡ A+ Hardware

အချိန်ညှိနိုင်းပေးပါသည်။

၁။ အမှတ်(၁၁၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။



## ကျေးဇူးတင်ရှိပါကြောင်း

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ စစ်ကိုင်း ဥက္ကဋ္ဌ သုခမ္မမဏိဇောတရေ ဦးအောင်ကြီး(ဇနီး)သုခမ္မသိင်္ဂီ ဒေါ်နန်းတိုးတိုးရွှေမိသားစု၏ လှူဒါန်းမှုများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ စစ်ကိုင်းမြို့တွင်း စည်ပင်သာယာရေး အက်ဥပဒေနှင့်အညီ တစ်နေကုန် ရောင်းချနိုင်သော တရားဝင်ကျောက်မျက်ဈေးရရှိအောင် ကြိုးပမ်းနေမှုများ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ စစ်ကိုင်းမှ ဦးစီးဖွင့်လှစ်သော "ကျောက်စိမ်းမေတ္တာမွန်"အထူးကု(အခမဲ့)ဆေးခန်းတွင် ဆေးမှတ်တမ်းစာအုပ်၊ ဆေးဝါးအခမဲ့ပေးနေမှုများ၊ ရေဘေးသင့်ပြည်သူများလှူဒါန်းမှု၊ အသင်းဝင်၊ အသင်းသားများ၏ မိသားစုသာရေး၊ နာရေးကိစ္စများ အဆင်ပြေချောမောအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများကို ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်နေ ကျွန်တော်မောင်ရဲနိုင်ဆွေမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ စစ်ကိုင်းအား ထင်ယောင်ထင်မှားဖြစ်ပြီး ဝေဖန်ပြောဆိုခဲ့မှုအပေါ် ခွင့်လွှတ်ပေးပါသော ဥက္ကဋ္ဌအပါအဝင် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ဦးရဲနိုင်ဆွေ**

**ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းမြို့။**



စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၄/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-044(15-16) | Well Servicing Equipment (15) Items | US$ |
| (၂) | IFB-045(15-16) | Well Control Accessories (9) Items | US$ |
| (၃) | IFB-046(15-16) | Spares for Mack Oil Field Truck (17) Items | US$ |
| (၄) | IFB-047(15-16) | Spares for Well Servicing Truck (1) Item | US$ |
| (၅) | IFB-048(15-16) | Spares for 50 Ton Hitachi Sumitomo Hydraulic Crawler Crane (10) Items | US$ |
| (၆) | IFB-049(15-16) | Ariel Compressor JGK-4 and Cooper MH64 with Waukesha P-9390 GL Spares (11) Items | US$ |
| (၇) | IFB-050(15-16) | AJAX DPC 600 Spares (25) Items | US$ |
| (၈) | IFB-051(15-16) | NKK Compressor KJB2 & KB2 with Waukesha I,7G042GU & H 2475 Engine Spares (10)Items | US$ |
| (၉) | IFB-052(15-16) | Cementing Head and Accessories (11)Items | US$ |
| (၁၀) | DMP/L-007(15-16) | SAE 15 W 40 Diesel Engine Oil (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၉-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## မိုးကုတ်ရတနာနယ်မြေ တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုး လျှောက်လွှာများတင်သွင်းရန်
## ကြေညာချက်(၉/၂၀၁၅)
## ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၆ရက်
## (၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၆ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ကြေညာချက် (၆/၂၀၁၁)ဖြင့် ကြေညာခေါ်ယူပြီး လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါသည်။

၂။ လုပ်ကိုင်ခွင့်ချထားပေးခဲ့သော တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များအနက်မှ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့်၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ၊ ဧပြီလများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်လုပ်ကွက်များအတွက် သက်တမ်းတိုးလျှောက်ထားခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၅)နှင့်အညီ ခွင့်ပြုမိန့်ကတ် ပြန်လည်ထုတ်ပေးခြင်းတို့ကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့်၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ၊ ဧပြီလများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များကို သက်တမ်းတိုးလျှောက်ထားနိုင်ရန်အတွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့မှစ၍ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးလျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများ တင်သွင်းခြင်း။** သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသူများသည် ဖော်ထုတ်လုပ်ကွက်လျှောက်လွှာပုံစံ(မကလ-၅)တွင် ဖြည့်စွက်ရမည့်အချက်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ခုနှစ်၊ ဩဂုတ်လ၁၇ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ရုံးဖွင့်ရက်များတွင် ၈း၀၀နာရီမှ ၁၇း၀၀နာရီအထိ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင် တင်သွင်းရန် ဖြစ်ပါသည်။

၄။ တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်များ သက်တမ်းတိုးရန်အတွက် ကြေညာခေါ်ယူမည့် လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင် လည်းကောင်း၊ မန္တလေးမြို့၊ မိုးကုတ်မြို့နှင့်မိုင်းရှုးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် နယ်အသင်းခွဲများတွင်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ website ဖြစ်သည့် www.mining.gov.mm တွင်လည်းကောင်း ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## (မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက်ရှိ ခရိုင်/မြို့နယ်များတွင် တပ်ဆင်မည့် မီတာများအတွက် လိုအပ်သော Transparent Box & Accessoriesများနှင့် မီတာ Seal များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူလိုပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၈-၂၀၁၅ ရက်
(ခ) တင်ဒါပိတ်မည့်နေ့ရက် - ၄-၉-၂၀၁၅ ရက်
(ဂ) တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**၇၇လမ်း၊ ၂၆-၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော မော်တော်ယာဉ်တာယာ၊ ဘက်ထရီများနှင့် ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၁-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၉-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

## အမျိုးသားပြတိုက်(နေပြည်တော်)အတွက်
## လိုအပ်သော ခင်းကျင်းပြသမှုဆိုင်ရာ ပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(နေပြည်တော်) ပြခန်းများအတွက်လိုအပ်သော ခင်းကျင်းပြသမှုဆိုင်ရာပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) ပြခန်းသုံး Panel များ
(ခ) ပြခန်းသုံး မှန်ဗီရိုနှင့် တင်ခုံများ
(ဂ) ပြခန်းသုံးမီးများ
(ဃ) ပြခန်းခင်းကျင်းခြင်းလုပ်ငန်း
(င) IT လုပ်ငန်းများ (Museum Management System)
 (၁) Ticketing System
 (၂) Accession Software
 (၃) Alarm System

၂။ အိတ်ဖွင့်တင်ဒါများကို ၃၁-၈-၂၀၁၅ရက်မှ ၂၅-၉-၂၀၁၅ရက်ထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီထိ ရုံးချိန်အတွင်း အမျိုးသားပြတိုက်(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၉-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၄၃၀၁၉၁၆၈ နှင့် ၀၆၇ ၄၁၈၄၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် ပေးသွင်းရမည့်လိပ်စာ**
**အမျိုးသားပြတိုက်(နေပြည်တော်)**
**ရာဇသင်္ဂဟလမ်း၊ ကုမုဒြာကြာပန်းဝိုင်းအနီး**
**ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇ ၄၁၈၄၃၂**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ Frame 6 Gas Turbine (၆)လုံးအတွက် စက်အရန်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၉-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံဒေသတွင် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ကုဗပေ(၁၅)သန်းကို အသုံးပြုပြီး Gas Engine or GasTurbine Generator များ ၄ားရမ်း၍ ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၁-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁-၁၀-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ IPP စနစ်ဖြင့် ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံတည်ဆောက် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃၁-၈-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၉-၁၀-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် စက်ပစ္စည်းများနှင့် မြေပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တည်နေရာ/အမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| (က) | စက်ပစ္စည်း | (၁၇) မျိုး |
| | (၁) ဆေးဝါးစက်ရုံ (အင်းစိန်)၊ | (၄) မျိုး |
| | (၂) ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | (၉) မျိုး |
| | (၃) ဆေးဝါးစက်ရုံ(အင်ရောင်း) | (၂) မျိုး |
| | (၄) မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး) | (၂) မျိုး |
| (ခ) | မြေပြုပြင်မွမ်းမံခြင်း | (၂) မျိုး |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်)၊ | (၁) မျိုး |
| | (၂) သိုးမြင်းမွေးမြူရေးစခန်း(မော်ဘီ) | (၁) မျိုး |

တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၃၁-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၉-၂၀၁၅ရက်၊ ညနေ ၁၆း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီး (၁) ရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်စက်ပစ္စည်းများ၏ အမျိုးအမည်နှင့် (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)၊ စီမံရေး**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်းနံပါတ်-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**
**ဆေးဝါးစက်ရုံ(အင်းစိန်)၊ ၀၁-၆၄၆၂၇၄**

---

MSR Myanmar Survey Research Company Limited

**Head Office:** Yangon Central Railway Station Building, Mingalartaungnyunt Township,Yangon
**MSR Office-2:** 6/8, Lane 2,Botahtaung Pagoda Road, Botahtaung Township, Yangon
**MSR Office-3:** 55, Mahabandoola Garden Street, Yangon, Myanmar
E-mail:msr@myanmar.com.mm URL:www.myanmarsurveyresearch.com

Research Executive(s)

Myanmar Survey Research (MSR) is a leading local research firm that offers services in social, market, industrial and environmental research and whose clients include, international donors, UN agencies, INGOs, international business organizations and international research institutes.

The successful applicant is to join its social research department led by a US-trained sociologist, staffed by a team of expatriate and Myanmar professionals, and supported by other great staff.

As an executive, your responsibilities will include, but not be limited to, proposal writing, research design, client relations, project management, data analysis and report writing.

We are looking for individuals with:
-BA/BS from an accredited university/college; graduate degree preferred
-knowledge of statistics, economics and health is an advantage
-strong interest in social research
-understanding of quantitative and qualitative research
-fluency in both English and Myanmar with excellent analytical skills
-familiarity with social, economic and political situations in Myanmar
-ability to engage and work with peoples from all walks of life; willingness to travel within the country
-enthusiasm to work as part of a team

If you are interested to apply for this Research Executive positon, please directly send your current CV or Resume along with a forwarding letter within two weeks from this advertisement to the following email msr@myanmar.com.mm

### Field Interviewers rsm;tvdk&Sdonf/

ရန်ကုန်ဘူတာကြီးဝင်းအတွင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Myanmar Survey Research (MSR)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ အချိန်ပိုင်း၊ အချိန်ပြည့် ဝန်ထမ်းများ အလိုရှိသည်။
Interviewers (တွေ့ဆုံမေးမြန်းသူများ)(အချိန်ပြည့် ၊ အချိန်ပိုင်း)
♦ တက္ကသိုလ်ဝင်တန်းအောင်(သို့)ဘွဲ့ရဖြစ်ရမည်။
♦ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရမည်။
♦ သင်ယူလိုစိတ်ရှိပြီး အသင်းအဖွဲ့နှင့်လုပ်နိုင်ရမည်။ (Team work) အနေနှင့်လုပ်နိုင်ရမည်။ နယ်ဝေးခရီးသွားနိုင်ရမည်။
♦ အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

အတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
လျှောက်ထားလိုသူများသည် ကိုယ်ရေး အချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ သင်တန်းဆင်းလက်မှတ်မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ ရက်သတ္တပတ်(၂)ပတ်အတွင်း အထက်ပါလိပ်စာတွင် လျှောက်ထားနိုင်သည်။ အလျင်လျှောက်ထားသူများအား ဦးစားပေးစဉ်းစားမည်။

ကြော်ငြာ

# ရန်ကုန်တက္ကသိုလ်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်တက္ကသိုလ်မှ ၂၀၁၄-၂၀၁၅ခုနှစ်အတွင်း အောက်ဖော်ပြပါ (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများ၏ (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဘွဲ့လျှောက်လွှာပုံစံများကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် ၂×၁½ လက်မအရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲလျက် ၁၄-၉-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၅ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

**(က) (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၁-၁၁-၂၀၁၅ရက်၊ ပထမနေ့၊**
**နံနက်ပိုင်း အစီအစဉ် နံနက် ၉း၀၀နာရီ**

| | | |
|---|---|---|
| ပါရဂူဘွဲ့ | - | မြန်မာစာ၊ အရှေ့တိုင်းပညာ၊ မနုဿဗေဒ၊ ဓာတုဗေဒ |
| မဟာသုတေသနဘွဲ့ | - | မြန်မာစာ၊ မနုဿဗေဒ၊ ဓာတုဗေဒ၊ Biochemistry |
| မဟာဒဿနဘွဲ့ | - | ဓာတုဗေဒ |
| မဟာဝိဇ္ဇာဘွဲ့ | - | မြန်မာစာ၊ မနုဿဗေဒ |
| မဟာသိပ္ပံဘွဲ့ | - | ဓာတုဗေဒ၊ Biochemistry |
| ဒီပလိုမာဘွဲ့ | - | မနုဿဗေဒ၊ DTSM, DOS, DB L |
| ဂုဏ်ထူးဘွဲ့ | - | မြန်မာစာ၊ ဓာတုဗေဒ၊ Biochemistry |

**အစမ်းလေ့ကျင့်ရန် ၁၉-၁၁-၂၀၁၅ရက်၊ နံနက် ၉း၀၀နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏ အရှေ့ဘက်ခြမ်းတွင်ထိုင်ရမည်။**

**(ခ) (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၁-၁၁-၂၀၁၅ရက်၊ ပထမနေ့၊**
**မွန်းလွဲပိုင်း အစီအစဉ် မွန်းလွဲ(၂း၀၀)နာရီ**

| | | |
|---|---|---|
| ပါရဂူဘွဲ့ | - | ပထဝီဝင်၊ သမိုင်း၊ စိတ်ပညာ၊ ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒ |
| မဟာသုတေသနဘွဲ့ | - | ပထဝီဝင်၊ ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒ |
| မဟာဝိဇ္ဇာဘွဲ့ | - | ပထဝီဝင်၊ ရှေးဟောင်းသုတေသနပညာ |
| မဟာသိပ္ပံဘွဲ့ | - | ဘူမိဗေဒ |
| ဒီပလိုမာဘွဲ့ | - | ရှေးဟောင်းသုတေသနပညာ၊ အသုံးချစိတ်ပညာ၊ လူမှုရေးပညာ (SW)၊ ဘူမိဗေဒ၊ GIS, DML,DIL, DGI |
| ဂုဏ်ထူးဘွဲ့ | - | ပထဝီဝင်၊ သမိုင်း၊ ဘူမိဗေဒ |

**အစမ်းလေ့ကျင့်ရန် ၁၉-၁၁-၂၀၁၅ရက်၊ နံနက် ၉း၀၀နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏ အနောက်ဘက်ခြမ်းတွင် ထိုင်ရမည်။**

**(ဂ) (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၂-၁၁-၂၀၁၅ရက်၊ ဒုတိယနေ့၊**
**နံနက်ပိုင်း အစီအစဉ် နံနက်(၉း၀၀)နာရီ**

| | | |
|---|---|---|
| ပါရဂူဘွဲ့ | - | အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ ရူပဗေဒ၊ သင်္ချာ |
| မဟာသုတေသနဘွဲ့ | - | ဥပဒေပညာ၊ ရူပဗေဒ၊ သင်္ချာ |
| မဟာဥပဒေဘွဲ့ | - | ဥပဒေပညာ |
| မဟာဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ၊ Business Law |
| မဟာသိပ္ပံဘွဲ့ | - | ရူပဗေဒ၊ အင်ဂျင်နီယာရူပဗေဒ၊ နျူကလီယာရူပဗေဒ၊ သင်္ချာ၊ စာရင်းအင်းပညာ |
| ဒီပလိုမာဘွဲ့ | - | အင်္ဂလိပ်စာ၊ DL(ပြင်ဦးလွင်)၊ ရူပဗေဒ၊ Diploma in English (2/2014) |
| ဂုဏ်ထူးဘွဲ့ | - | အင်္ဂလိပ်စာ၊ ရူပဗေဒ၊ နျူကလီယာရူပဗေဒ၊ သင်္ချာ |

**အစမ်းလေ့ကျင့်ရန် ၁၉-၁၁-၂၀၁၅ရက်၊ မွန်းလွဲ ၂း၀၀နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏ အရှေ့ဘက်ခြမ်းတွင် ထိုင်ရမည်။**

**(ဃ) (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၂-၁၁-၂၀၁၅ရက်၊ ဒုတိယနေ့၊**
**မွန်းလွဲပိုင်း အစီအစဉ် မွန်းလွဲ(၂း၀၀)နာရီ**

| | | |
|---|---|---|
| ပါရဂူဘွဲ့ | - | ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာ |
| မဟာသုတေသနဘွဲ့ | - | စာကြည့်တိုက်နှင့် သုတပညာ၊ Microbiology၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာ |
| မဟာဝိဇ္ဇာဘွဲ့ | - | စာကြည့်တိုက်နှင့် သုတပညာ |
| မဟာသိပ္ပံဘွဲ့ | - | Microbiology, ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာ ၊ EMCS(WBTS) |
| ဒီပလိုမာဘွဲ့ | - | စာကြည့်တိုက်နှင့် သုတပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာ၊ DIR, EDCS(WBTS), DCA |
| ဂုဏ်ထူးဘွဲ့ | - | ဒဿနိကဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ Microbiology ကုန်ထုတ်ဓာတုဗေဒ |
| သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ |

**အစမ်းလေ့ကျင့်ရန် ၁၉-၁၁-၂၀၁၅ရက်၊ မွန်းလွဲ ၂း၀၀နာရီ**
**မှတ်ချက်-အစမ်းလေ့ကျင့်သည့်နေ့တွင် ခန်းမ၏ အနောက်ဘက်ခြမ်းတွင် ထိုင်ရမည်။**

၂။ ဘွဲ့နှင်းသဘင်ကြေး -၁၅၀၀ိ/၊ အဝေးရောက်ဘွဲ့ကြေး-၁၀၀၀ိ/၊ ပေးသွင်းရမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား မူရင်းနှင့်မိတ္တူကို ယူဆောင်၍ ကိုယ်တိုင်လာရောက်ရမည်။

၄။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် ၂×၁½လက်မ ဓာတ်ပုံ(၃)ပုံ ယူဆောင်လာရမည်။

၅။ ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခု ရရှိပြီးသူများသည် ဘွဲ့လက်မှတ်မိတ္တူ ယူဆောင်လာရမည်။

၆။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာ့ထဘီ၊ အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည် ဖြစ်ပါသည်။


၇။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၆-၁၁-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ထုတ်ပေးမည်ဖြစ်ပါသည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် အမျိုးသားမှတ်ပုံတင်ကတ်ပြား ပေးခဲ့ရမည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း- ၅၃၄၀၂၄သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

မှတ်ချက်။ ။ အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲ အောင်မြင်ခဲ့ကြသူများသည် အဝေးရောက် ဘွဲ့လျှောက်ထားနိုင်ကြပါသည်။

**(ဒေါက်တာလှဆွေ)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ရန်ကုန်တက္ကသိုလ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရန်ကုန် - the bookhouse : 09979606010 / 20
မန္တလေး - ထွန်းဦး၊ နဂါး
Android Application
ရေးသားနည်းလက်တွေ့သင်ခန်းစာများ

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)
မီးသတိပြု

မြေကွက်ဝယ်လိုသည်
ဒဂုံဆိပ်ကမ်းနှင့်
ဒဂုံတောင်
ဖုန်း-၀၉-၄၉၃၃၉၃၅၄၊
၀၉-၄၂၅၂၈၉၀၀၄

**ဒုတိယ စိန်ရတုလွန်မွေးနေ့မင်္ဂလာ**
**ဦးစိန်ထွန်း လ/ထညွှန်ကြားရေးမှူး(ငြိမ်း) လဝက**
ချစ်ဖေဖေကြီး၏ ၂၀၁၅ခုနှစ် စက်တင်ဘာလ(၁)ရက်တွင် (၇၉)နှစ်ပြည့်မြောက်သော ဒုတိယစိန်ရတုလွန်မွေးနေ့မှသည် သက်ဆုံးတိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဒါနသီလ ဘာဝနာတရားများကို ပွားများအားထုတ်နိုင်ပါစေလို့ . . .
**ချစ်မေမေကြီး ဒေါ်လှလှ(ခ)ဒေါ်ဒွေးလှ(မြိတ်)**
**ချစ်သားသမီး(၇)ယောက်၊ ချစ်မြေး(၁၇)ယောက်**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
စက်တင်ဘာ (၂/၃/၅)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441



# တံဆိပ်ခေါင်းခွန်ထမ်းဆောင်ကြရန် အသိပေးနှိုးဆော်ချက်

၁။ မိဘပြည်သူများအနေဖြင့် အစိုးရဌာနများနှင့်လည်းကောင်း၊ ပုဂ္ဂလိက အချင်းချင်းအကြားတွင်လည်းကောင်း တံဆိပ်ခေါင်းခွန် ထိုက်သင့်သည့် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည်ဟု မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေတွင် ပြဋ္ဌာန်းပါရှိပါသည်။

၂။ တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းပေါ်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ထားခြင်းမရှိလျှင် အဆိုပါစာချုပ် စာတမ်းကို သက်သေခံအဖြစ် လက်ခံခြင်း၊ မှတ်ပုံတင်ပေးခြင်း၊ မှန်ကန်ကြောင်း အသိအမှတ်ပြုသက်သေခံလက်မှတ်ရေးထိုးပေးခြင်း စသည်တို့ကို သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးမည်မဟုတ်ပါ။

၃။ စာချုပ်စာတမ်းတစ်စုံတစ်ရာပေါ်တွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်မထားခြင်း သို့မဟုတ် ထိုက်သင့်သည့် တံဆိပ်ခေါင်းပမာဏ အပြည့်အဝထမ်းဆောင်ထားမှု မရှိခြင်းကို စိစစ်တွေ့ရှိရလျှင် ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်ပမာဏအပြင် ယင်း၏ ၁၀ ဆနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ်ပေးဆောင်ပြီးမှသာ ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ကို မည်သူကပေးဆောင်ရမည်၊ မည်သည့်စာချုပ်စာတမ်း အမျိုးအစားအတွက် တံဆိပ်ခေါင်းခွန် မည်မျှထမ်းဆောင်ရမည်တို့ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ အင်တာနက်စာမျက်နှာ www.irdmyanmar.gov.mm တွင်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနရုံးအသီးသီးတွင်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ သို့ဖြစ်ပါ၍ မိမိတို့၏ စာချုပ်စာတမ်းများကို ဥပဒေနှင့်အညီ သက်သေခံခိုင်မာစေရေးအတွက် စာချုပ်စာတမ်းများပေါ်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် အပြည့်အဝ ထမ်းဆောင်စေရေး အလေးထားလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# လစာဝင်ငွေခွန်ပေးဆောင်ကြရန် အသိပေးနှိုးဆော်ခြင်း

ဝင်ငွေခွန်ဥပဒေတွင် "လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာ/လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်၊ အကျိုးခံစားခွင့်"တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင် ရမည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် အထက်ပါ လစာဝင်ငွေခွန်ကို "တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ကလည်းကောင်း၊ ပုဂ္ဂိုလ်စုပိုင်ဖြစ်လျှင် ထိုပုဂ္ဂိုလ်စုကလည်းကောင်း၊ အစိုးရ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းဖြစ်လျှင် ငွေထုတ်ပေးရန် တာဝန်ရှိသူ စီမံခန့်ခွဲရေးဝန်ထမ်းကလည်းကောင်း တာဝန်ယူ၍ ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရန်" ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ကုမ္ပဏီလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ စာသင်ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း အမျိုးမျိုးတို့ ရှိသော်လည်း လစာဝင်ငွေခွန် ပေးသွင်းမှု အားနည်းနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ဝင်ငွေခွန် ဥပဒေတွင် လစာဝင်ငွေခွန် နုတ်ယူပေးသွင်းရမည့် ပုဂ္ဂိုလ်၊ လစာနှစ်ချုပ် တင်သွင်းရမည့် ပုဂ္ဂိုလ်တို့ကို သတ်မှတ်ဖော်ပြထားသည့်အပြင် ပြစ်မှုနှင့် ပြစ်ဒဏ်များကိုပါ သတ်မှတ်ပြဋ္ဌာန်းထားသဖြင့် ပျက်ကွက်သူများသည် တည်ဆဲဝင်ငွေခွန်ဥပဒေအရ အပြစ်ရှိလာမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ www.irdmyanmar.gov.mmတွင် ဖော်ပြထားသော ဇယားပုံစံအားကူးယူ၍ စုစုပေါင်းဝင်ငွေ ကျပ်သိန်း ၂၀ကျော်သော ဝန်ထမ်းများ၏ သက်ဆိုင်ရာအချက်အလက် များကို ဖြည့်သွင်းပြီး မိမိရုံးချုပ်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနရုံးများသို့ အမြန်ဆုံးဆက်သွယ်ပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**


oppo
OPPO R7 Lite
is coming now
ဈေးနှုန်း - 399,000 Ks
ပရီမီယံသတ္တုစပ်ကိုယ်ထည်နှင့်ကင်မရာစမတ်ဖုန်း
ကြိုတင်မှာယူပြီး 50,000 Ks တန်လက်ဆောင်ကိုရယူကြမယ်
WeChat မှ မှာယူရင်း အခြားလက်ဆောင်တစ်မျိုးပါရယူလိုက်ပါ။
Pre-order ကာလ (1~15/9/2015) ရက်အထိ
YANGON Service Centre Ph : 01 1223513
MANDALAY Service Centre Ph : 02 71281
oppomyanmar
OPPOMobileMM


ForEver Gems
by ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်။
အောက်တိုဘာ(၄)ရက်နေ့တွင်
ကံထူးရှင်
ရွေးချယ်ပေးပါမည်။
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
5% to 25% off
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်
4-9-2015 မှ 4-10-2015
နေ့စဉ်ကံထူးရှင်များကို
ရွေးချယ်ချီးမြှင့်ပေးပါမည်
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် အခြားအမိုးတန် ပစ္စည်းများ
6-9-2015 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဖွေးဖွေး၊ ဝိုင်းစုခိုင်သိန်း၊ ယွန်းယွန်း
6-9-2015 & 7-9-2015 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
*Rဇာနည်၊ ဘန်နီဖြိုး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊
ချမ်းချမ်း၊ ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း *
(G-05A) မြေညီထပ်၊ Myanmar Plaza(HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။


Latest Designs For Special Grand Opening Sales

device
Services Company Limited

THE GLOBAL COMPACT
WE SUPPORT

2005 10 2015

Anniversary

Device Services Company Limited နှင့်အတူ(၁၀)နှစ်တာ အချိန်ကာလ ကြာမြင့်စွာ ချစ်ကြည် လက်တွဲ လုပ်ငန်းချင်းဆက်နွှယ်ခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ကုမ္ပဏီ ကြီးများ၊ နိုင်ငံတော် သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ Device Business Management Academy တွင် ကူညီသင်ကြားပေးကြသော ပြည်တွင်း ပြည်ပမှ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများ၊ တက်ရောက်သင်ယူခဲ့ကြသော သင်တန်းသား/သူများ Device Services Company Limited နှင့်ပက်သက်၍ သတင်းများ၊ ဆောင်းပါးများ ရေးသားဖော်ပြခဲ့ကြသော ဂျာနယ်၊ မဂ္ဂဇင်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင် ဂီတ အနုပညာရှင်များ၊ အလုပ်အကိုင်လျှောက်ထားကြသူများ၊ ဝန်ထမ်းမိသားစုများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း တို့ဖြင့် အနာဂတ်ခရီးလမ်းတွင် လုပ်ငန်းများအစဉ် တိုးတက် အောင်မြင်ပါစေကြောင်း၊ နောက်နောင်တွင်လည်း အတူတကွဆက်လက် လက်တွဲပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်း

Device Services Company Limited မိသားစုမှ ဆုမွန်ကောင်းတောင်းလျက် ချစ်ခင်လေးစားစွာ အထူးကျေးဇူးတင် ဝမ်းမြောက်ပါသည်…

Hot Line No-0930500100

# ဖောင်တော်ဦးဘုရားပွဲ လှေပြိုင်ပွဲကျင်းပရန် လမ်းကြောင်းပြတိုင်များ စိုက်ထူ



**မိတ္ထီလာ ဩဂုတ် ၃၁**

မိတ္ထီလာမြို့နယ် မြို့မရပ်တွင် တည်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော်ဗုဒ္ဓပူဇနိယ ပွဲတော်တွင် ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ကျင်းပရန် လမ်းကြောင်းပြတိုင်များကို ပြိုင်ပွဲကျင်းပမည့် ကန်ရေပြင်တွင် စိုက်ထူပြီးစီးကြောင်း သိရသည်။

"လှေပြိုင်ပွဲကိုလည်း ဖောင်တော်ဦး ဘုရားပွဲတော်မှာ မဖြစ်မနေ ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။ အခုတော့ လှေပြိုင်ပွဲကျင်းပဖို့ လမ်းကြောင်းပြတိုင်တွေကို ပြိုင်ပွဲကျင်းပမယ့် ကန်ရေပြင်ထဲမှာ စိုက်ထူပြီးသွားပါပြီ။ ဒီနှစ်ကျင်းပမယ့် ဖောင်တော်ဦးဘုရားပွဲတွင် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲမှာ

**စာမျက်နှာ ၅ ကော်လံ ၃ သို့○**


**ရေ၏သဘောကို သတိပြုနားလည်** — စာမျက်နှာ ➤ ၂

**အွန်လိုင်းစာမျက်နှာများပေါ်တွင် ကောလာဟလသတင်းများ ဖြန့်ခဲ့သူ ၁၉၇ ဦးအား တရုတ်အာဏာပိုင်များ ဖမ်းဆီး** — စာမျက်နှာ ➤ ၄

**ကြိုဆိုပါတယ် အနည်းဆုံး အခကြေးငွေ** — စာမျက်နှာ ➤ ၁၁

**ဂိုးသမား ရိုမီယိုကြောင့် မန်ယူ ရှုံးပွဲတွေ** — စာမျက်နှာ ➤ ၁၃


## မြန်မာယူ-၁၉ အသင်း အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရ

**ဗီယင်ကျန်း ဩဂုတ် ၃၁**

လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

အမှတ်တူ အသင်းများထဲတွင် ဂိုးကွာခြားချက်အနည်းဆုံးဖြစ်နေသည့် မြန်မာအသင်းမှာ ဆီမီးတက်ရေးအတွက် သရေတစ်မှတ်လိုအပ်နေသော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ရကာ မျှော်လင့်ချက်များ အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းမှာ မလေးရှားအသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ ပွဲအစပိုင်းတွင် ဗီယက်နမ်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့ပြီး ခုနစ်မိနစ်အတွင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေး သုံးကြိမ်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ တစ်မိနစ်နှင့် ငါးမိနစ်တွင် အောင်ဇင်ဖြိုး၏ အပိုင်ဂိုးသွင်းခွင့်များ လွဲချော်ခဲ့ပြီး သုံးမိနစ်တွင် ဇင်ဖြိုးအောင်၏ ပြစ်ဒဏ်ဘောကိုလည်း ဗီယက်နမ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် ဗီယက်နမ်အသင်း ပြန်ဖိကစားလာနိုင်ပြီး မိနစ် ၄၀ တွင် ထရွန်ဒူခမ်က ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းက ခြေအသာဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းမှာ လူအပြောင်းအလဲပြုလုပ်သော်လည်း ကစားအားတက်မလာဘဲ ပထမပိုင်းလောက်ပင် ဖိအားပေးနိုင်ခြင်း မရှိတော့ပေ။ ဗီယက်နမ်အသင်းမှာ လေးဂိုးပြတ်ရှုံးလျှင်ပင် ဆီမီးတက်မည်ဖြစ်သော်လည်း ဒုတိယပိုင်းတွင်လည်း ကစားအားမချဘဲဂိုးရရှိရန် ဆက်လက်ကြိုးစားခဲ့သည်။ ဗီယက်နမ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၇ မိနစ်တွင် ဟာဒူချန်က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ချေပဂိုးပင် ပြန်မသွင်းနိုင်ဘဲ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ ထိုင်းနှင့် လာအို၊ အုပ်စု(ခ)မှ ဗီယက်နမ်နှင့် မလေးရှားတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးပွဲစဉ်များကို စက်တင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့်မလေးရှား၊ ဗီယက်နမ်နှင့် အိမ်ရှင် လာအိုတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## Miss Myanmar International (2015) နှင့် Miss Popular ဆုကို အမရာငြိမ်း ရရှိ




**သတင်းနှင့် ဓာတ်ပုံ - ခင်ဇာလီ**

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF)က ကြီးမှူးကျင်းပပြီး Myanmar Tourism Marketing မှ event Organizer အဖြစ် တာဝန်ယူဆောင်ရွက်သည့် Miss Myanmar International(2015) နောက်ဆုံးပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်ည ၇ နာရီတွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ရာ Miss International Myanmar (2015) နှင့် Miss Popular ဆုကို ခါးနံပါတ်(၁၄)ပြိုင်ပွဲဝင်အလှမယ် အမရာငြိမ်းကရရှိခဲ့သည်။

"ကျွန်မ ဒီဆုကို မမျှော်လင့်ဘဲရခဲ့တဲ့အတွက် အလွန်ပျော်မိပါတယ်။ ဒီဆုရရှိဖို့က ကျွန်မရဲ့အကြီးမားဆုံးအိပ်မက်ပါ။ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ခဲ့ပြီ။ Miss တစ်ယောက်ရဲ့တာဝန်တွေကို ကျွန်မထမ်းဆောင်ရင်း ပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်မှုတွေကိုလည်း အကောင်းဆုံးလုပ်ဆောင်သွားမှာပါ"ဟု အမရာငြိမ်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ဆန်ခါတင်ရွေးချယ်ထားခဲ့သော အလှမယ် ၂၀ ထဲမှ First Runner up ဆုကို ခါးနံပါတ်(၅)သဒ္ဒါမာရီယာ၊ Second Runner up ဆုကို ခါးနံပါတ်(၃)ခေါင်နမ်၊ Miss Green ဆုကို ခါးနံပါတ်(၁၇) ရွှေလမင်းအိမ်၊ Miss Talent ဆုကို ခါးနံပါတ်(၁၉) ဂျူဆန်းအင်တို့က အသီးသီးရရှိကြသည်။

ယခုကဲ့သို့ အလှမယ်ပြိုင်ပွဲများကို ကျင်းပရခြင်းမှာ ကမ္ဘာ့အဆင့်နိုင်ငံတကာပြိုင်ပွဲများသို့ နိုင်ငံ့ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်လိုသော ထူးချွန်ထက်မြက်သည့် အလှမယ်များကို ရွေးချယ်ပေးလိုခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ စိတ်ဝင်စားဖွယ်ရာဒေသများကို ဖော်ထုတ်ပေးလိုခြင်းနှင့် မြန်မာ့ခရီးသွားလုပ်ငန်းကိုမြှင့်တင်ခြင်း အစရှိသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့●**






themirror.npt@gmail.com
www.facebook.com/themirrordaily